# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၈၀)


**ဒို့တာဝန်အရေး (၃) ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး **H.E.Mr. Meng Jianzhu** ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)



ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန

*စာမျက်နှာ ၅ ကော်လံ ၄* ✻

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီးအား လက်ခံတွေ့ဆုံ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Meng Jianzhu အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Meng Jianzhu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ၏ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး တိုးတက်ဖြစ်ထွန်းမှုများ၊ နိုင်ငံတကာအရေးကိစ္စရပ်များတွင် မြန်မာနိုင်ငံဘက်မှ မှန်ကန်စွာရပ်တည်ပေးခဲ့မှုများ၊ နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများတွင် ယခုထက်ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ နှစ်နိုင်ငံလွှတ်တော်များအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည့် အစီအစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ဦး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကို၊ ပြည်သူ့လွှတ်တော်ကော်မတီနှင့်ကော်မရှင်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ**


ရောဝတီ မြစ်ကမ်းတစ်လျှောက် မန္တလေး-ဗန်းမော် ခရီးစဉ်စတင် **စာ-၂**



သီရိမင်္ဂလာ ဈေးကြီးမှ သီးနှံစုံဈေးကွက် **စာ-၃**



ပရိုတွန်-အမ် ဒုံးပျံဖြင့် ရုရှားဂြိုဟ်တု လွှတ်တင် **စာ-၄**



ဇေယျာသီရိအဆင့်မြင့် ဘောလုံးကွင်း **စာ-၁၀** တည်ဆောက်မှု ၈၃ ရာခိုင်နှုန်းပြီးစီး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၁၁ ရက်)

# သစ်ပင်စိုက်မှု ပမာပြုပါလို့

"တစ်သက်ပျော်ချင် သစ်ပင်စိုက်၊ ခဏပျော်ချင် အိမ်ထောင်ပြု" ဟူသော စကားရှိ၏။ မည်သို့ပင်ရှိစေ သစ်ပင်စိုက်ခြင်းကား ရေရှည်အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။ အသီးစားချင်လျှင် အသီးသီးသည့် အပင်ကို စိုက်ရမည်။ အရွက်စားချင်လျှင် အရွက်စားရသည့်အပင်ကို စိုက်ရသည်။ အရိပ်ရချင်လျှင် အရိပ်ရသည့်အပင်ကို စိုက်ရသည်။ အလှကြိုက်လျှင် ပန်းမန်တို့ကို စိုက်ရမည်သာဖြစ်၏။

သို့သော် "ကာလံ ဒေသံ အဂ္ဂံခန့်" ဟူသော စကားကို လူတိုင်းကြားဖူးကြပေလိမ့်မည်။ မည်သည့် အလုပ်ကို လုပ်ကိုင်စေကာမူ ကာလ၊ ဒေသ တို့ကို ချင့်ချိန်စဉ်းစား လုပ်ကိုင်ဆောင်ရွက်ပါမှ အကျိုးစီးပွား ဖြစ်ထွန်းစေနိုင်၏။ ကျိုးကြောင်းသင့်မသင့် စဉ်းစားလုပ်ကိုင်နိုင်ခြင်းမရှိပါမူ အကျိုးရှိလိမ့်မည်မဟုတ်ပေ။ သစ်ပင်စိုက်သည်ဆိုရာတွင်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်၏။ မိုးရာသီမှာ စိုက်ရမည့်သစ်ပင်ကို နွေခေါင်ခေါင်ရောက်မှ စိုက်ခြင်းငှာ အကျိုးမရှိနိုင်။ မိုးရာသီတွင် စိုက်ရမည့်သစ်ပင်ကို မိုးရာသီတွင် စိုက်ရသည်။ ယနေ့အချိန်အခါသည် နိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပျိုးရေးပွဲများ ကျင်းပနေချိန်ဖြစ်၏။

သစ်ပင်စိုက်သည်ဆိုရာတွင် ကာလကိုကြည့်၍ စိုက်ရသကဲ့သို့ ဒေသကိုလည်း ထည့်တွက်ရန်လိုသေးသည်။ မည်သည့်သစ်ပင်အမျိုးအစားသည် မည်သည့်မြေမျိုးတွင် ဖြစ်ထွန်းအောင်မြင်နိုင်သည်။ မည်သည့် စိုက်ပျိုးနည်းကို အသုံးပြု၍ မည်သည့်အကျိုးစီးပွားဖြစ်ထွန်းနိုင်သည် စသည်ဖြင့် ထည့်သွင်းစဉ်းစား စိုက်ပျိုးသင့်ပေသည်။ သမပိုင်းတွင် ပေါက်ရောက်တတ်သည့် အပင်မျိုးကို သဲကန္တာရမိုးခေါင်ရေရှား ရပ်ဝန်း၌ စိုက်ပျိုးခြင်းဖြင့် အကျိုးဖြစ်ထွန်းနိုင်လိမ့်မည်မဟုတ်ပေ။

ကျွန်ုပ်တို့ လူသားများသည်လည်း သစ်ပင်စိုက်ပျိုးသကဲ့သို့ အချိန်ကာလဒေသတို့ကိုလိုက်ပြီး လုပ်ကိုင်ဆောင်ရွက်နိုင်ကြပါမှ အကျိုးစီးပွားဖြစ်ထွန်းနိုင်သည့် ကိစ္စများစွာရှိလေသည်။ အထူးသဖြင့် စီးပွားရေးလုပ်ကိုင်ကြရာတွင် ဝင်ငွေစီးပွားတိုးနိုင်သည့်အလုပ်ကို လုပ်ကိုင်ပါမှ ဝင်ငွေတိုးပွားပြီး ကြီးပွားချမ်းသာခြင်းသို့ ရောက်ရှိနိုင်ပေလိမ့်မည်ဖြစ်၏။ မည်သည့်အချိန်တွင် မည်သို့သောအလုပ်အကိုင်များ လုပ်ကိုင်လျှင် မည်သို့အကျိုးစီးပွားရနိုင်သည်၊ မည်သည့်အရပ်ဒေသတို့၌ မည်သို့သောအလုပ်အကိုင်များ လုပ်ကိုင်ကြ၍ မည်သို့အကျိုးစီးပွားဖြစ်နိုင်မည်၊ မဖြစ်နိုင်မည် စသည်ဖြင့် ချင့်ချိန်လုပ်ကိုင်ကြရ၏။

အချို့သောသူများမှာ အချိန်ကာလဒေသတို့ကို ချင့်ချိန်စဉ်းစားခြင်းမရှိဘဲ သမားရိုးကျ လုပ်ကိုင်နေကြ၍ အကျိုးစီးပွားဖြစ်ထွန်းသင့်သလောက်မဖြစ်ထွန်းဘဲ ဖြစ်နေတတ်၏။ မည်သည့်သီးနှံကို မည်သည့်အချိန် စိုက်လျှင် အထွက်နှုန်းကောင်းပြီး ဈေးကောင်းရနိုင်သည်၊ မရနိုင်သည် စသည်ဖြင့် တွက်ချက်လုပ်ကိုင်ကြရ၏။ ဥပမာ မိုးကာလ ဖရဲစိုက်ခြင်းထက် နွေအခါဖရဲစိုက်လျှင် ဖရဲသီးဝယ်လိုအားကောင်းသဖြင့် အကျိုးအမြတ်ပိုမိုဖြစ်ထွန်းနိုင်ပေလိမ့်မည်။

ထို့အတူ ပညာရှာရာတွင်လည်း ဤသို့ပင်ဖြစ်၏။ ပညာရနိုင်သည့်နေရာ၊ ပညာပေးနိုင်သူနှင့် ပေါင်းဖက်ပါမှ ပညာရနိုင်၏။ ပညာလိုလျှင် ပညာကိုယှဉ်ဆိုသည့်အတိုင်း ပညာရှာလောကသားများအနေဖြင့် ပညာရှိသူများထံ နည်းနာခံယူနိုင်ပါမှ ပညာရမည်ဖြစ်သည်။ ပညာမရနိုင်သည့် နေရာ၊ ပညာမပေးနိုင်သူနှင့် ရေရှည်ပေါင်းဖော်ခြင်းဖြင့် အကျိုးရှိလာလိမ့်မည်မဟုတ်ပေ။

သို့ဖြစ်ပါ၍ လူတို့အနေဖြင့် စီးပွားရေး၊ ကြီးပွားရေးလုပ်ကိုင်သည်ဖြစ်စေ၊ ပညာရလို၍ဖြစ်စေ သစ်ပင်များကို အချိန်ကာလဒေသကိုကြည့်၍ စိုက်ပျိုးရသကဲ့သို့ "ကာလံ ဒေသံ အဂ္ဂံခန့်" ဆိုသည့် စကားအတိုင်း အရာရာ အချိန်ကာလဒေသတို့ကို တွက်ချက်လုပ်ကိုင်ကြခြင်းဖြင့် အကျိုးစီးပွား တိုးပွားရရှိလာနိုင်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

# ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ ဦးထွန်းအောင်၊ ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်ဆွေ၊ အလုပ်အမှုဆောင် ဦးမိုးမြင့်ကျော်နှင့် အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ All China Federation of Industry of Commerce (ACFIC) မှ Deputy-Secretary General, Ms. Ouyang Xiaoming နှင့် အဖွဲ့ဝင် ၁၁ ဦးတို့သည် ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံခဲ့ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၌ လယ်ယာသုံးစက်ပစ္စည်းများထုတ်လုပ်မှုလုပ်ငန်း၊ စွမ်းအင်နှင့် သတ္တုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများကို အကျိုးတူပူးပေါင်း ဆောင်ရွက်လိုခြင်းကိစ္စ၊ နိုင်ငံတော်မှ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးနေခြင်းကိစ္စ၊ ရင်းနှီးမြှုပ်နှံရေးဥပဒေထွက်ရှိလာပါက ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများနှင့် မြန်မာ-တရုတ် လုပ်ငန်းရှင်များအချင်းချင်း စီးပွားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။ (ကုန်သည်/ စက်မှုအသင်းချုပ်)

# မိုးစပါးသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ကျိုက်လတ်၌ ထုတ်ချေး

ကျိုက်လတ် ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့၌ ၂၀၁၂ ခုနှစ် မိုးစပါးသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ထုတ်ချေးပွဲအခမ်းအနားကို ဇူလိုင် ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်နိုင်က အမှာစကားပြောကြားသည်။ ယခုအခါ ကျိုက်လတ်မြို့နယ်အတွင်း ကျေးရွာများသို့ တစ်ဧကလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာ ကျေးရွာအုပ်စု နှစ်အုပ်စုမှ တောင်သူ ၁၀၆ ဦးတို့အား စိုက်ပျိုးထုတ်လုပ်သော လယ်ဧက ၆၆၈ ဧကအတွက် ချေးငွေကျပ် ၃၃၄သိန်းကို ဘဏ်ခွဲမန်နေဂျာဒေါ်တင်တင်ဌေးနှင့် ဝန်ထမ်းများက ထုတ်ချေးပေးခဲ့သည်။

ကျိုက်လတ်မြို့နယ် ဘဏ်ခွဲမှ ၂၀၁၂ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ချေးငွေကို ကျေးရွာ ၈၉ အုပ်စုသို့ ငွေကျပ် သိန်းပေါင်း ၃၁၇၅၀ ချေးပေးသွားမည်ဖြစ်ကြောင်းသိရှိရသည်။

(မြို့နယ် ထွေ/အုပ်)

# ဧရာဝတီမြစ်ကမ်းတစ်လျှောက် မန္တလေး-ဗန်းမော်ခရီးစဉ်စတင်

ရန်ကုန် ဇူလိုင် ၁၀

ခင်လေးမြင့်အောင်

*ဧရာဝတီအထက်မြစ်ကြောင်းတစ်လျှောက်သို့ အပန်းဖြေရင်း မြစ်ကမ်းနံဘေး ရှုမျှော်ခင်းများ ကြည့်ရှုခံစားနိုင်ရန်အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ မန္တလေး-ဗန်းမော် အထူးအမြန်ခရီးစဉ်များကို ဇူလိုင် ၁၀ ရက်မှ စတင်ပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။ "ရွှေကိန္နရီရေယာဉ်တွေရော၊ အခြားလူစီး သီးသန့်ရေယာဉ်တွေပါ စီစဉ်ထားပါတယ်။ ဧရာဝတီမြစ်ကမ်းတစ်လျှောက် သဘာဝရှုခင်းတွေကို လေ့လာနိုင်သလို ရေယာဉ်တွေပေါ်မှာလည်း စားသောက်ရေးကအစ အဆင်ပြေဆုံးဖြစ်အောင် လိုအပ်တဲ့ စားသောက်ခန်းတွေကို ပြင်ဆင်ဆောင်ရွက်ပေးထားပါတယ်။ ပြည်တွင်း ပြည်ပ ခရီးသည်တွေအားလုံး လိုက်ပါနိုင်ပါတယ်" ဟု ရန်ကုန်မြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ အဆိုပါ ရေလမ်းခရီးစဉ်များကို ပြည်တွင်းရေကြောင်းမှ တာဝန်ယူကာ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ခရီးသွားလာသူ အများပြည်သူများအတွက် သက်သောင့်သက်သာစီးနင်း လိုက်ပါစေရန်နှင့် အနားယူအပန်းဖြေစေနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများနှင့် ဝန်ဆောင်မှုများကိုလည်း တိုးချဲ့ထားပြီးဖြစ်ကြောင်း သိရှိရသည်။*

*ခရီးစဉ်ကို မန္တလေးမြို့နှင့် ဧရာဝတီအထက်ပိုင်း ဗန်းမော်မြို့အထိ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ဒေသတွင်းအခြေအနေနှင့် ရာသီဥတုအနေအထားအရ သွားလာရန် ဖြစ်နိုင်လောက်သည့် အနေအထားဖြစ်သည့်အပြင် ခရီးသွားအများစုကလည်း အဆိုပါ ခရီးစဉ်အား သွားလာရန် ဆန္ဒရှိလျက်ရှိကြောင်း ကြားသိရသဖြင့် ယခုကဲ့သို့ ပြေးဆွဲပေးရခြင်းဖြစ်ကြောင်း အဆိုပါဌာနမှ သိရှိရသည်။*

*"အများစုကတော့ ဒီလိုရာသီတွေမှာ နိုင်ငံခြားသားခရီးသည် အဝင်နည်းတတ်ပေမယ့် ဒီနှစ်တော့ ခရီးသည်လည်း အဝင်ရှိနေတယ်။ နောက်တစ်ခုက ခရီးသည်အများစုကလည်း ဧရာဝတီအထက်ပိုင်းကို စိတ်ဝင်စားကြတယ်။ ငှက်ကြည့်အဖွဲ့တွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေ ဒီအချိန်မှာ အခုလိုခရီးမျိုးတွေကို သဘောကျကြတယ်"ဟု ပြည်တွင်း ဧည့်လမ်းညွှန်တစ်ဦးက အဆိုပါခရီးစဉ်နှင့် ပတ်သက်သည့် အမြင်ကို ပြောကြားသည်။*

*ရွှေကိန္နရီရေယာဉ်များသည် ယခင်ကတည်းက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ မြစ်ကြောင်းတစ်လျှောက် ပြေးဆွဲပေးလျက်ရှိသည့် ရေယာဉ်များဖြစ်ပြီး ဇူလိုင် ၁၀ ရက် နံနက်မှ စတင်ကာ မန္တလေးဂေါဝိန်ဆိပ်ကမ်းမှတစ်ဆင့် စတင်ပြေးဆွဲပေးသွားမည်ဖြစ်သည်။ တစ်ပတ်လျှင် နှစ်ခေါက်ကျဖြင့် အပတ်စဉ် အင်္ဂါနေ့နှင့် သောကြာနေ့တို့တွင် စတင်ထွက်ခွာမည်ဖြစ်ကာ ဗန်းမော်မြို့မှလည်း အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ပြန်လည်ထွက်ရှိရန် စီစဉ်ထား ကြောင်း သိရှိရသည်။ ခရီးစဉ်တစ်လျှောက်ရှိမြို့များနှင့် မန္တလေးနှင့်ဗန်းမော်တို့တွင် လက်မှတ်များ ဝယ်ယူနိုင်ပြီး ရေယာဉ်လက်မှတ်နှုန်းထားများကို ခရီးစဉ်အစအဆုံးအတွက် ပြည်တွင်းခရီးသွားများအနေဖြင့် ကျပ်နှစ်သောင်းခန့်ကုန်ကျမည်ဖြစ်ပြီး ပြည်ပခရီးသွားများအား ဒေါ်လာ ၆၀ အထိ သတ်မှတ်ထားသည်။ ခရီးစဉ် အကွာအဝေးအလိုက် ရေယာဉ်လက်မှတ်ခများ သတ်မှတ်ထားခြင်းကြောင့် ကြားမြို့များသို့ သွားလာမည်ဆိုပါက ကုန်ကျစရိတ်အမျိုးမျိုးရှိကြောင်း သိရှိရသည်။ ။*

# အစ္စရေးနိုင်ငံ၏ စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဟောပြော

ရန်ကုန် ဇူလိုင် ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံဆိုင်ရာအစ္စရေးသံရုံး၏ ကူညီပံ့ပိုးမှုဖြင့် အစ္စရေးနိုင်ငံ၏ စိုက်ပျိုးရေးနည်းပညာ ဟောပြောပွဲကို ဇူလိုင် ၉ ရက် နံနက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မြေညီထပ်ရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E. Mr. Yaron Mayer က အမှာစကားပြောကြားသည်။

ထို့နောက် Mr. Gal Yarden (MD Netayim Irrigatim) က ရေအစက်ချ စိုက်ပျိုးရေးစနစ်အကြောင်းကို လည်းကောင်း၊ Mr. Gershon (T.C.L Chemical Ltd.) က ဓာတ်မြေဩဇာနှင့် အဆင့်မြင့်စိုက်ပျိုးရေးနည်းပညာအကြောင်းကို လည်းကောင်း၊ Dr. Praveen Rao (Netayim, India) က အဆင့်မြင့်နည်းပညာဖြင့် အိန္ဒိယနိုင်ငံတွင် အောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ Mr.Gideon John Kedar (Senior Agribusiness Consultant in Israeli) က စိုက်ပျိုးနည်းပညာစနစ်နှင့် နောက်ဆုံးပေါ် လယ်ယာစိုက်ပျိုးရေးကိရိယာ အသုံးဝင်ပုံ၊ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်းတင်ပြပြီး **(ယာပုံ)** တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။ (၁၆၈)



# သမဝါယမနှစ် ဆောင်းပါးပြိုင်ပွဲ ဂုဏ်ပြုဆုချီးမြှင့်

ပဲခူး ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက်မှ အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ဂုဏ်ပြုအလွတ်တန်း ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ပဲခူးမြို့ တိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်ခန်းမ၌ ဇူလိုင် ၇ ရက်က ကျင်းပသည်။ အပြည်ပြည်ဆိုင်ရာသမဝါယမနှစ် ဂုဏ်ပြုအလွတ်တန်းဖိတ်ခေါ် ဆောင်းပါးပြိုင်ပွဲတွင် ခြောက်ဦး ဆုရရှိပြီး အခြေခံပညာကျောင်းများအဆင့်တွင် ခြောက်ဦး ဆုရရှိခဲ့ကြသည်။

ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသည့် စာရေးဆရာမ ဝတ်ရည်ခင်(ပဲခူး)အား တိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးက ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** (၁၁၀)



# အင်္ဂပူမြို့နယ်၌ ပေါင်စနစ်ဖြင့် မိုးစပါးသရုပ်ပြပျိုးကြဲ

အင်္ဂပူ ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် အောက်ရွာကြီးကျေးရွာအုပ်စု တောင်သူဦးမောင်ဝင်း၏ လယ်မြေတွင် မိုးစပါးပုလဲသွယ်စပ်မျိုးစပါးနှင့် ဆင်းသုခအထွက်ကောင်းစပါး နှစ်မျိုးအား ခေတ်မီသိပ္ပံနည်းကျ ပေါင်ပျိုးစနစ်ဖြင့် သရုပ်ပြပျိုးကြဲခြင်းအခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီကကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမ်းမိုးဟန်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းတိုးနှင့် စိုက်တိုးမြှင့်ဝန်ထမ်းများက စုပေါင်းသရုပ်ပြပျိုးကြဲခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ အောက်ရွာကြီးကျေးရွာအုပ်စုနှင့် မကျီးကုန်း ကျေးရွာအုပ်စုမှ တောင်သူ ၁၆၅ ဦး တက်ရောက်လေ့လာခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်စိုက်ပျိုးရေး)



**စာပေမြင့်မှ လူမျိုးတင့်မည်**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗြိတိသျှကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဥက္ကဋ္ဌနှင့် အဖွဲ့အားလက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိသျှကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဥက္ကဋ္ဌနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Mr. Lord Marland ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံအကျိုးတူ စီးပွားရေးလုပ်ငန်းများ၊ ဘဏ္ဍာရေးလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဖော်ဆောင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

(သတင်းစဉ်)

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**



**လက်ခံတွေ့ဆုံ**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိသျှကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဥက္ကဋ္ဌနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Mr. Lord Marland အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ဝင်များတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Meng Jianzhu နှင့်အဖွဲ့ဝင်များသည် ယမန်နေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် ၁၁ထပ်ရှိ Executive Club ခန်းမ၌ လာရောက် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းတို့တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Meng Jianzhu နှင့် အဖွဲ့ဝင်များအား ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**



**လားရှိုးခရိုင် သိန္နီမြို့နယ် ရဲတပ်ဖွဲ့၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ရဲတပ်ဖွဲ့ဝင်များ၏ သားသမီး ၇၉ဦးအား ပညာသင်ထောက်ပံ့ကြေး စရိတ်နှင့် ကျောင်းသုံးပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၆ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ယဉ်မောင်ဆွေက ကျောင်းသူတစ်ဦးအား ပညာသင် ထောက်ပံ့ကြေးစရိတ်နှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်စဉ်။**

(မြန်မာ့အလင်း)

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ရခိုင်ပြည်နယ်၌ ၂၀၁၂ ခုနှစ် ဇွန်လအတွင်း ဖြစ်စဉ်များနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက် (၄/၂၀၁၂)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူးနှင့်ကော်မရှင်အဖွဲ့ဝင်(၂)ဦးတို့သည် ဇွန်လ ၂၇ ရက်နေ့မှ ဇူလိုင်လ ၁ ရက်နေ့အထိ ရခိုင်ပြည်နယ်စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များသို့သွားရောက်ပြီး တာဝန်ရှိသူများ၊ ဘာသာရေးခေါင်းဆောင်များ၊ ဒုက္ခသည်များနှင့် တွေ့ဆုံဆွေးနွေး၍ လေ့လာသုံးသပ်ခဲ့ကြပါသည်။

ရခိုင်ပြည်နယ်အတွင်း မေလ ၂၈ ရက်နှင့် ဇွန်လ ၃ ရက် ဖြစ်စဉ်များသည် မမျှော်လင့်သော မထင်မှတ်သောဖြစ်စဉ်၊ ဖြစ်ရပ်များဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။ ဇွန်လ ၈ ရက်နေ့တွင် မောင်တောမြို့ပေါ်နှင့် ကျေးရွာအချို့တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများမှ စတင်၍ စစ်တွေမြို့နှင့် အခြားမြို့နယ်များတွင် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်မှာ ကြားသိရသော ပြည်သူအပေါင်း စိတ်ထိခိုက်ခဲ့ကြရပါသည်။ ပြည်သူလူထု၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအသိုက်အဝန်းမှ စိုးရိမ်ပူပန်သည့်နည်းတူ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း အဆိုပါ လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် စိုးရိမ်ပူပန်မှု ဖြစ်ပေါ်ခဲ့ရပါသည်။ ထိခိုက်ဆုံးရှုံးမှုများမှာလည်း ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာပါ လွန်စွာကြီးမားကြောင်း တွေ့မြင်သိရှိခဲ့ရပါသည်။

နိုင်ငံတော်အစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရအနေဖြင့် ဒုက္ခသည်များ ကယ်ဆယ်စောင့်ရှောက်ရေးစခန်းများကို မောင်တောမြို့ပေါ်နှင့် မြို့နယ်အတွင်း (၁၁)ခု၊ စစ်တွေမြို့ပေါ်နှင့် မြို့နယ်တွင် (၅၇)ခု၊ ရသေ့တောင်မြို့ပေါ်တွင် (၄)ခု၊ စုစုပေါင်း (၇၂)ခု ထားရှိဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါ စခန်း (၇၂)ခုအနက် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း (၅၆)ကျောင်း၌ စခန်းဖွင့်လှစ်ထားကြောင်း သိရှိရပါသည်။ ဘူးသီးတောင်မြို့နှင့် ပုဏ္ဏားကျွန်းမြို့များရှိ ကယ်ဆယ်ရေးစခန်းမှရခိုင်တိုင်းရင်းသားအားလုံး သက်ဆိုင်ရာနယ်မြေနှင့် ကျေးရွာသို့ လုံခြုံစိတ်ချစွာ ပြန်လည်ပို့ဆောင်ပေးပြီးဖြစ်ကြောင်း သိရှိရပါသည်။

အထက်ပါ ကယ်ဆယ်စောင့်ရှောက်ရေးစခန်းများရှိ ဒုက္ခသည်များအား နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အနုပညာရှင်များ၊ စေတနာရှင်ပြည်သူများ၏ ကူညီထောက်ပံ့မှု လှူဒါန်းမှုများဖြင့် စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေးအခြေခံလိုအပ်ချက်များကို ရနိုင်သမျှ ရရှိသမျှ ငွေကြေး၊ ရိက္ခာ၊ ပစ္စည်းများပေါ်မူတည်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါသည်။ နယ်မြေနှင့်စခန်းများ၏ လုံခြုံရေးအား တပ်မတော်၊ ရဲတပ်ဖွဲ့နှင့်နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးနှင့် ကွပ်ကဲမှုဌာနချုပ်(နစက)တို့မှ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကော်မရှင်အဖွဲ့ရောက်ရှိခဲ့သော မြို့နယ်များတွင် တည်ငြိမ်မှု၊ လုံခြုံမှုတိုးတက်ရရှိနေသည့် အခြေအနေကို တွေ့မြင်ခဲ့ရပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း အခြေအနေများ ပုံမှန်ပြန်ဖြစ်ရေး ရေရှည်လုပ်ငန်းစဉ်များတွင် အောက်ပါအစီအစဉ်များအားသုံးသပ်အကြံပြုတိုက်တွန်းပါသည်-

- ဥပဒေစိုးမိုးရေးအား တိုးတက်တည်ဆောက်ပြီး ဖြစ်ပွားခဲ့သော အကြမ်းဖက်ကျူးလွန်မှုများအပေါ် ဥပဒေနှင့်အညီ မှန်ကန်ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ပါသည်။
- အကြမ်းဖက်ခံရသူများ၏ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ခြင်းနှင့်အတူ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့်အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရေးကိုလည်း ဆောင်ရွက်သင့်ပါသည်။
- အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေး၊ အသိပညာဗဟုသုတကြွယ်ဝရေးတို့အတွက် ၎င်းနယ်မြေရှိ ကလေးသူငယ်များ၏ အခြေခံပညာတတ်မြောက်မှုနှုန်းမြင့်မားရေး အထူးအစီအစဉ်တစ်ရပ် အမြန်ဆောင်ရွက်ပေးသင့်ပါသည်။
- အခင်းဖြစ်ပွားသောနယ်မြေရှိ ဒုက္ခသည်များအတွက် အခြေခံလိုအပ်ချက်များကို အဖွဲ့အစည်းအသီးသီးနှင့် စေတနာရှင်ပြည်သူများမှ ကူညီထောက်ပံ့မှုများဖြင့် ဖြေရှင်းဆောင်ရွက်ပေးနေသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာတွေ့ရှိရပါသည်။ အခြေခံလိုအပ်ချက်များ ရှိနေဆဲဖြစ်သဖြင့် ယခုထက်တိုးမြှင့်ကူညီပေးနိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ရက်စွဲ ။ ။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၁၁)ရက်။** **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## သီရိမင်္ဂလာဈေးကြီးမှ သီးနှံစုံဈေးကွက်

မြန်မာ့အလင်း ၁၀-၇-၂၀၁၂

သတင်းနှင့် ဓာတ်ပုံ-အဝယ်တော်ဖိုးထော်

| အမျိုးအစား | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ပန်းဂေါ်ဖီ | တစ်ပွင့် | ၂၅၀ |
| ဂေါ်ဖီ | တစ်ထုပ် | ၂၅၀ |
| ခရမ်းသီး | တစ်တောင့် | ၈၀ |
| ရုံးပတီသီး | ၁၅ တောင့် | ၁၀၀ |
| တညင်းသီး | ၁၀ လုံး | ၅၀၀ |
| ရွှေဖရုံသီး(အလတ်) | တစ်လုံး | ၈၀၀ |
| ကျောက်ဖရုံသီး(အလတ်) | တစ်လုံး | ၁၅၀၀ |
| ဂေါ်ရခါးသီး | တစ်လုံး | ၁၀၀ |
| ခရမ်းချဉ်သီး | တစ်ပိဿာ | ၁၀၀၀ |
| မုန်ညင်း(အဖြူ) | တစ်ပိဿာ | ၁၀၀၀ |
| ဂျုံးမြစ် | တစ်ပိဿာ | ၉၀၀ |
| မျှစ်ချဉ် | တစ်ပိဿာ | ၁၀၀၀ |
| ချင်း | တစ်ပိဿာ | ၆၀၀ |
| မုန်လာဥနီ | တစ်ပိဿာ | ၁၅၀၀ |
| မုန်လာဥဖြူ | တစ်စီး(၅)လုံးတွဲ | ၂၀၀ |
| ဒူးရင်းသီး(ယိုးဒယား) | တစ်လုံး | ၁၀၀၀၀ |
| ဒူးရင်းသီး(မြန်မာ) | တစ်လုံး | ၁၂၀၀ |
| မင်းကွတ်သီး | တစ်လုံး | ၁၀၀ |
| သရက်သီး(မချစ်စု) | တစ်လုံး | ၂၅၀ |
| သစ်တော်သီး | တစ်လုံး | ၂၀၀ |
| ကြက်မောက်သီး | ၁၀ လုံး | ၅၀၀ |
| ပန်းသီး(တရုတ်) | တစ်လုံး | ၃၅၀ |
| နာနတ်သီး(သီပေါ) | တစ်လုံး | ၂၀၀ |
| နဂါးမောက်သီး | တစ်လုံး | ၈၀၀ |

(ပစ္စည်းအမျိုးအစားအလိုက် အသီးအကြီးအသေးပေါ်မူတည်၍ ဈေးနှုန်းများ ကွာခြားနိုင်ပါသည်။ ယခုဖော်ပြသောဈေးနှုန်းမှာ အနည်းဆုံးဈေးများကိုသာ ဖော်ပြခြင်းဖြစ်ပါသည်။)



သီရိမင်္ဂလာဈေးကြီးအတွင်း တွေ့မြင်ရသည့် သီပေါမှလာသော နာနတ်သီးများ။



# ပရိုတွန်-အမ်ဒုံးပျံဖြင့် ရုရှားဂြိုဟ်တုလွှတ်တင်

**မော်စကို ဇူလိုင် ၁၀**

နှစ်ကြိမ်တိုင်တိုင်လွှတ်တင်မှုရွှေ့ဆိုင်းခဲ့ရသည့် ပရိုတွန်-အမ်ဒုံးပျံဖြင့် သယ်ဆောင်သွားမည့် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ရုရှားနိုင်ငံက ဇူလိုင် ၉ ရက် နံနက်က အောင်မြင်စွာလွှတ်တင်လိုက်ကြောင်း ရုရှားအာကာသအေဂျင်စီမှ ဇူလိုင် ၁၀ ရက်၌ သတင်းထုတ်ပြန်သည်။

**လွှတ်တင်**

ဆီးရီးရပ်စ်-၅ ဂြိုဟ်တုကို သယ်ဆောင်သွားသည့် ပရိုတွန်-အမ်ဒုံးပျံ **(ဝဲပုံ)**ကို ကာဇက်စတန်ရှိ ဘိုင်ကူနော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ယင်းနေ့ မော်စကိုစံတော်ချိန် ၂၂ နာရီ ၃၈ မိနစ်က လွှတ်တင်လိုက်ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်တုသည် လွှတ်တင်ပြီးနောက် ၁၀ မိနစ်အကြာတွင် ဒုံးပျံမှဖယ်ခွာထွက်ပြီး ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ရောက်ရှိသွားခဲ့သည်။ ၎င်းဂြိုဟ်တုသည် မော်စကိုစံတော်ချိန် ဇူလိုင် ၁၀ ရက် နံနက် ၇ နာရီ မိနစ် ၅၀ မှစတင်ကာ သတင်းဆက်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သည်။ ပရိုတွန်-အမ်ဂြိုဟ်တုကို မလွှတ်တင်မီ နည်းစနစ်ပိုင်းဆိုင်ရာချွတ်ယွင်းမှုကြောင့် နှစ်ကြိမ်ပြုပြင်ခဲ့သဖြင့် လွှတ်တင်ရန် နှစ်ကြိမ်ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ယခင်လွှတ်တင်ရန် သတ်မှတ်ခဲ့သည့်ရက်များမှာ ဇွန် ၁၉ ရက်နှင့် ဇူလိုင် ၇ ရက်တို့တွင်ဖြစ်သည်။

ယခုလွှတ်တင်လိုက်သည့် ဆီးရီးရပ်စ်-၅ ဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ၁၅ နှစ်ကြာမျှ ဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပြီး ဥရောပ၊ အာဖရိကနှင့် ဘော်လတစ်နိုင်ငံများ၏ ဆက်သွယ်ရေးလုပ်ငန်းများပိုမိုလျင်မြန်ရန်အတွက် ပံ့ပိုးပေးသွားမည်ဖြစ်သည်။ **(အင်တာနက်)**



# ရုရှားရေလွှမ်းမှု သေဆုံးသူ ၁၇၁ ဦးရှိပြီ

**မော်စကို ဇူလိုင် ၁၀**

ရုရှားနိုင်ငံတောင်ပိုင်း ခရပ်စ်နိုဒါဒေသတွင် ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူစုစုပေါင်း အနည်းဆုံး ၁၇၁ ဦးရှိသွားပြီဖြစ်ကြောင်း ဇူလိုင် ၉ ရက် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့တွင် ရုရှားသမ္မတပူတင်က ပြောကြားလိုက်သည်။

ရေလွှမ်းမှုသဘာဝဘေးအန္တရာယ်ကြုံတွေ့စဉ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်များဘက်မှ တစ်စုံတစ်ရာ ပျက်ကွက်မှု ရှိမရှိ စုံစမ်းစစ်ဆေးရန်သမ္မတပူတင်က အမိန့်ပေးလိုက်သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဆိုးရွားဆုံး ရေဘေးဒုက္ခကြုံတွေ့ရသည့် ခရင့်မ်မြို့တွင်းသို့ ရေများအလုံးအရင်းဖြင့် လှိမ့်ဝင်လာရာ မြို့ပြလမ်းမကြီးများမှာ မြစ်ကြီးများအသွင် ပြောင်းလဲသွားပြီး တံတားများကို တိုက်စားသယ်ယူသွားသည်။

ထောင်ပေါင်းများစွာသော လူနေအိမ်များ ရေလွှမ်းခံရသည်။ **(အပေါ်ပုံ)** ရေကြီးစဉ်က လူအများအပြား အိပ်မောကျလျက်ရှိသည်ဟုဆိုသည်။ **(အင်တာနက်)**

# ဆန်ဖရန်စစ္စကိုပင်လယ်အော်အတွင်းရှိ ကျောက်ဆောင်နီကျွန်း အမေရိကန်ဒေါ်လာ ငါးသန်းနှင့် ဈေးလျှော့ရောင်း

ဆန်ဖရန်စစ္စကို ဇူလိုင် ၁၀

**အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုပင်လယ်အော်အတွင်းရှိ ကျောက်ဆိုင်ကျောက်သားများပြွမ်းတီးနေသော ကျောက်ဆောင်နီကျွန်းတစ်ကျွန်းကို အမေရိကန်ဒေါ်လာ ငါးသန်းခန့်ဖြင့် ဈေးလျှော့ရောင်းချနေရကြောင်း အင်တာနက်သတင်းတွင် ဇူလိုင် ၉ရက်က ဖော်ပြသည်။**

ဆန်ဖရန်စစ္စကို ပင်လယ်အော်မြောက်ပိုင်းတွင်ရှိသော ခြောက်ဧကကျယ် ကျောက်ဆောင်နီကျွန်း **(ယာပုံ)**သည် ငါးများဖမ်းယူနိုင်ပြီး ဆန်ဖရန်စစ္စကိုမြို့ပြမြင်ကွင်းကို အံ့မခန်းဖွယ်ရှုစားနိုင်သည်ဟုဆိုကာ ဈေးခေါ်ရောင်းချနေခြင်းဖြစ်သည်။

ယခုနှစ်အစောပိုင်းကအမေရိကန်ဒေါ်လာ ၂၂ သန်း ဈေးနှုန်းသတ်မှတ်ခဲ့သော်လည်း လက်ရှိခေါ်ဈေးကို ဒေါ်လာငါးသန်းအောက်အထိ လျှော့ချ၍ ရောင်းချနေခြင်းဖြစ်သည်။ ကျွန်း၏ကျောက်စွန်းကျောက်သားများတွင် သံမဏိထုတ်ယူနိုင်သည့် မင်းဂနိစ်ဒြပ်စင်များရှိကြောင်း ကျောက်ဆောင်နီကျွန်းပိုင်ရှင်၏အရောင်းကိုယ်စားလှယ်က ဆိုသည်။ ကျောက်ဆောင်နီကျွန်းကို အရောင်းဈေးကွက်တင်ရောင်းချနေသည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သည်။

၎င်းကျွန်း၏ဈေးနှုန်းကိုလျှော့ချပေးလိုက်မှသာ အရောင်းအဝယ်ဖြစ်လာနိုင်သည်ဟု အရောင်းကိုယ်စားလှယ်က ကျွန်းပိုင်ရှင်ကို အကြံပေးခဲ့ခြင်းဖြစ်သည်။

ကျောက်ဆောင်နီကျွန်း၏ လက်ရှိပိုင်ရှင်မှာ အနားယူထားပြီဖြစ်သော စီးပွားရေးသမား မတ်ဒါရင်းဖြစ်ပြီး ၁၉၇၀ ခုနှစ်များအတွင်း မူလပိုင်ရှင် ဒေးဗစ်ဂလစ်မန်းထံမှ အကြွေးဖြင့်နှိမ်ကာ ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ကျွန်းပိုင်ရှင်ဟောင်းဒေးဗစ်သည် ကျောက်နီကျွန်းကို သတ္တုတူးဖော်ရန် ဒေါ်လာ ၁၀ သန်းဖြင့် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်းက ဝယ်ယူထားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



# သမ္မတအိုဘားမားအား နံနက်စာညှော်ခံကျွေးမွေးပြီးနောက် စားသောက်ဆိုင်ပိုင်ရှင် နာရီအနည်းငယ်အတွင်း နှလုံးရောဂါဖြင့်ကွယ်လွန်



**နယူးယောက် ဇူလိုင် ၁၀**

အမေရိကန်စားသောက်ဆိုင်ပိုင်ရှင် အမျိုးသမီးကြီးတစ်ဦးသည် သမ္မတအိုဘားမားကို နံနက်စာဖြင့် တည်ခင်းညှော့ခံပြီး နာရီပိုင်းအနည်းငယ်အတွင်း ကွယ်လွန်သွားခဲ့ကြောင်း အင်တာနက်သတင်းတွင် ဇူလိုင် ၆ ရက်က ဖော်ပြသည်။

အိုဟိုင်းယိုးပြည်နယ် အက်ရွန်မြို့တွင်းရှိ အန်းစ်ပဲလေ့စ်စားသောက်ဆိုင်ပိုင်ရှင် အသက် ၇၀ ရှိ အမျိုးသမီးကြီး ဂျိုးစဖင်းဟာရစ်သည် **(ဝဲပုံ)**သမ္မတအိုဘားမားအား နံနက်စာဖြင့် တည်ခင်းပြီးနောက်ပိုင်း ရင်ဘတ် တဆစ်ဆစ်ကိုက်ခဲမှုကို ပြင်းထန်စွာ ခံစားရသဖြင့် ဆေးရုံတင်ပို့ခဲ့ရခြင်း ဖြစ်သည်။

**ကွယ်လွန်ခဲ့**

နှလုံးရောဂါဖောက်၍ ဂျိုးစဖင်းကို ဆေးရုံတင်ပို့ကြရခြင်းဖြစ်ပြီး နံနက် ၁၁ နာရီကျော်တွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ သမ္မတအိုဘားမားက ဂျိုးစဖင်း၏ အန်းစ်ပဲလေ့စ်စားသောက်ဆိုင်သို့ နံနက် ၈ နာရီခွဲခန့်က နံနက်စာစားရန် ရောက်ရှိလာပြီး ဂျိုးစဖင်းက ကြက်ဥကြော်၊ ပေါင်မုန့်မီးကင်တို့ဖြင့် ညှော့ခံခဲ့ကြောင်း၊ ထို့နောက် မကြာမီမှာပင် ဆိုင်ရှင်ဖြစ်သူ ဂျိုးစဖင်းတစ်ယောက် နှလုံးရောဂါဖောက်ကာ ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

**ပြုလုပ်ရန်မလို**

ဂျိုးစဖင်းသေဆုံးမှုမှာ သွေးရိုးသားရိုးသာဖြစ်ပြီး အလောင်းခွဲစိတ်စစ်ဆေးခြင်းများ ပြုလုပ်ရန်မလိုကြောင်း ဆေးစာစစ်ဆေးရေးအရာရှိများက ပြောကြားသည်။

သမ္မတအိုဘားမားက သမီးဖြစ်သူအား အတူခေါ်ဆောင်၍ သူ့အား နောက်ဆုံးညှော့ခံကျွေးမွေးခဲ့သူ ဂျိုးစဖင်းအတွက် ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်ဟု အိမ်ဖြူတော်ပြန်ကြားရေး တာဝန်ခံ ဂျေးကာနေးက ထုတ်ဖော်ပြောကြားသည်။ သမ္မတအိုဘားမားကို ညှော့ခံကျွေးမွေးရချိန်မှာ ဂျိုးစဖင်းအတွက် စိတ်အကျေနပ်ဆုံး ဖြစ်နေမည်မှာ သေချာကြောင်း၊ စိတ်လှုပ်ရှားမှုလည်း ဖြစ်နေမည်ဖြစ်ကြောင်း၊ သူဟာ အိုဘားမားကို ချစ်ခင်လေးစားသူတစ်ဦးဖြစ်ကြောင်း ကွယ်လွန်သူ ဂျိုးစဖင်း၏ အစ်မဖြစ်သူက သတင်းဌာနသို့ ပြောကြားခဲ့သည်။ **(အင်တာနက်)**

# ချီလီနိုင်ငံတွင် အအေးလှိုင်းရိုက်ခတ် သေဆုံးသူအိုးအိမ်မဲ့ ၁၆ ဦးအထိရှိ

**ဆန်တီယာဂို ဇူလိုင် ၁၀**

ရေခဲမတတ်အပူချိန်ကျဆင်းနေသည့် ချီလီနိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းနယ်မြေများတွင် ယခုနှစ်အတွင်း သေဆုံးသူ အိုးမဲ့အိမ်မဲ့ ၁၆ ဦးအထိရှိခဲ့ရပြီဖြစ်ကြောင်း တာဝန်ရှိသူများက ဇူလိုင် ၉ ရက်၌ ပြောကြားသည်။

အအေးလှိုင်းရိုက်ခတ်မှုအတွင်း နောက်ဆုံးသေဆုံးမှုမှာ ဇူလိုင် ၈ ရက်က မြို့တော်ဆန်တီယာဂိုအတွင်း အိုးမဲ့အိမ်မဲ့နှစ်ဦးသေဆုံးခဲ့သည်။ မြို့တော်၏နေရာတစ်စိတ်တစ်ဒေသတွင် အပူချိန်မှာ အနုတ် ၈ ဒီဂရီဆဲလ်စီးရပ်စ် ကျဆင်းနေသော်လည်း ပြင်းထန်သည့်အအေးလှိုင်းရိုက်ခတ်မှုသည် လျှော့ပါးစပြုပြီဟု မိုးလေဝသဌာနက ပြောကြားသည်။ ချီလီနိုင်ငံတွင် အိုးမဲ့အိမ်မဲ့များမှာ ၁၂,၀၀၀ ခန့်ရှိပြီး ထက်ဝက်ခန့် အိုးမဲ့အိမ်မဲ့များမှာ မြို့တော်ဆန်တီယာဂိုတွင်ရှိသည်။ **(ယာပုံ)**

ပြည်သူတစ်ဦးဦးသည် လမ်းများပေါ်တွင် နေထိုင်လျက်ရှိသူ အိုးမဲ့အိမ်မဲ့တစ်ယောက်ယောက်ကိုတွေ့ရှိပါက အစိုးရကဖွင့်လှစ်ပေးထားသည့် ခိုလှုံရာအဆောက်အအုံများသို့သွားရောက်ရေး တိုက်တွန်းပေးကြရန် ချီလီသမ္မတဆီဘာစတန်းပီနီရာက မေတ္တာရပ်ခံထားသည်။

ခိုလှုံရာအထောက်အပံ့များဖြည့်ဆည်းပေးမှုဖြင့် တောင်ပိုင်းဆောင်းရာသီအတွင်း အသေအပျောက်နှုန်းကို လျှော့နည်းစေမှာဖြစ်ကြောင်း ချီလီသမ္မတက ဆက်လက်ပြောကြားသည်။ ချီလီနိုင်ငံတွင်အေးမြသည့် ဆောင်းရာသီကြောင့် ၂၀၁၀ ခုနှစ်တွင် သေဆုံးသူ ၁၅၀ ကျော်ရှိခဲ့ရာ ပြီးခဲ့သည့်နှစ် ၂၀၁၁ ခုနှစ်တွင် သေဆုံးသူ ၅၀ ခန့် ရှိခဲ့သည်။ **(အင်တာနက်)**



## နိုင်ငံတကာသတင်းအတိုအထွာ ၁၀-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်



### ထရီနီဒက်ကမ်းခြေတွင် လိပ်ဥထောင်ပေါင်းများစွာပျက်စီး

*ထရီနီဒက်နိုင်ငံမြောက်ပိုင်းကမ်းခြေတွင် ရေလမ်းကြောင်း ပြောင်းလွှဲရန် သဲသောင်ပြင်ကို မြေထိုးစက်ဖြင့် ထိုးခဲ့ရာမှ လိပ်ဥနှင့်လိပ်သားပေါက်ထောင်ပေါင်းများစွာပျက်စီးခဲ့ရကြောင်း သဘာဝပတ်ဝန်းကျင် လေ့လာစောင့်ကြည့်သူများက ဇူလိုင် ၁၀ ရက်တွင် ပြောကြားသည်။ **(အပေါ်ပုံ)***

*ဟိုတယ်မှ တာဝန်ရှိသူများသည် ဂရင်းဒီကမ်းခြေရေတိုက်စားမှု သက်သာစေရေးအတွက် ရေလမ်းကြောင်းပြောင်းရန် သဲသောင်ပြင်ကို အလုပ်သမားများငှား၍ မြေထိုးစက်ဖြင့် ထိုးခဲ့စေခြင်းဖြစ်သည်။ ဟိုတယ်တာဝန်ရှိသူများက ကမ်းခြေရေလမ်းကြောင်းပြောင်းရန် ပြီးစလွယ်ပြုလုပ်စဉ် လိပ်ဥ ၂၀၀၀၀ ခန့် ပျက်စီးခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းသူများက ပြောကြားခဲ့သည်။ မိုင်ပေါင်းများစွာ ရှည်လျားသည့် အဆိုပါမြစ်ကမ်းခြေသည် ပင်လယ်လိပ်ကြီးများအတွက် အသိုက်အမြိုပြုလုပ်ရာနေရာဖြစ်သည်။*

### တရုတ်နိုင်ငံ ရှန်စီပြည်နယ်၌ နေအိမ်တစ်လုံးပြိုကျ၊ ရှစ်ဦးသေဆုံး

*တရုတ်နိုင်ငံ ရှန်စီပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာတစ်ရွာတွင် နေအိမ်တစ်လုံး ဇူလိုင် ၁၀ ရက်နံနက်က ပြိုကျခဲ့ရာ ရှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။*

*အဆိုပါအိမ်မှာ ဆောက်လုပ်ဆဲအိမ်တစ်လုံးဖြစ်ပြီး စုကျို့မြို့အနီး စီစင်ကျေးရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အိမ်ပြိုကျသည့်နေရာ၌ ဒေသခံများက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီး ဒဏ်ရာရသူများကို ဆေးရုံသို့တင်ပို့ပေးခဲ့ကြသည်။*

### အာဖဂန်အရှေ့ပိုင်းဗုံးခွဲတိုက်ခိုက်၊ နေတိုးတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး

*အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် ဇူလိုင် ၉ ရက်က ဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် နေတိုးတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးသွားကြောင်း နိုင်ငံတကာလုံခြုံရေးနှင့်ကူညီရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)က ဇူလိုင် ၁၀ ရက်တွင် ကြေညာသည်။ အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း၌ နေတိုးတပ်ဖွဲ့ဝင်ခြောက်ဦးရန်သူ့ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း နေတိုးဦးဆောင်သည့် အိုင်အက်စ်အေအက်ဖ်က အတည်ပြုကြေညာခဲ့သည်။ သို့သော် အသေးစိတ်ကို ကြေညာခြင်း မပြုပေ။ **(အင်တာနက်)***

● *ကျောဖုံးမှ*

ချို့ယွင်းမှုရှာဖွေရာတွင် ဖြစ်ပေါ်သည်ကိုတွေ့ရှိရသဖြင့် Outdoor Unit(ODU) စက်အသစ် လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ (၄-၆-၂၀၁၂)ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့ပါကြောင်း။

အဆိုပါ မိုးမိတ်မိုက္ကရိုဝေ့ဗ်စခန်း၏ မိုက္ကရိုဝေ့ဗ် Antenna Orientationကို အသေးစိတ်ထပ်မံချိန်ညှိခြင်း၊ မိုက္ကရိုဝေ့ဗ် Antenna ကြံ့ခိုင်ရေးစစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် စခန်း၏ Power ပိုင်းတွင် အသုံးပြုထားသော Radio Backup Battery 12V, 70 AH (၄)လုံးမှာလည်း သုံးစွဲသည့် သက်တမ်းကျော်လွန်နေသဖြင့် အလားတူ 12V, 70 AH Radio Battery အသစ် (၄)လုံးဖြင့် လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ခဲ့ရာ အဝေးဆက်သွယ်မှုများ ပုံမှန်ကောင်းမွန်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

**ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍** မိုင်းပြင်းမြို့နယ် တုံတာမြို့နယ်ခွဲတွင် လိုင်း(၅၀)ပါ မဂ္ဂနက်တို အိတ်ချိန်းကို MPT Satellite Terminal နှင့်တွဲဖက်၍ အသုံးပြုလျက်ရှိပါကြောင်း၊ GSM /UMTS မိုဘိုင်းတယ်လီဖုန်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်းအရ မိုင်းပြင်းမြို့တွင် လိုင်းအင်အား(၃၀၀၀)ရှိသော မိုဘိုင်းဖုန်း (GSM) တယ်လီဖုန်းစနစ်ကို ၂၀၁၂ခုနှစ် မတ်လအတွင်း ဆောင်ရွက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ မိုင်းပြင်းမြို့နယ် ပွိုင့်-၆၂၀၀ မှ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းရနိုင်ကြောင်း တွေ့ရှိရသဖြင့် တုံတာမြို့နယ်ခွဲတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း သို့မဟုတ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းမှ GSM/UMTS စခန်းတစ်ခုကို နိုင်ငံတော်သို့ ဘတ်ဂျက်တင်ပြ၍ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **ရန်ကုန်-နေပြည်တော် အသွားအပြန်လမ်း ယာဉ်တိမ်းမှောက်ထိခိုက်မှု တိုးမြင့်ဖြစ်ပွားလာသဖြင့် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်း၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏**ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်တွင် အန္တရာယ်ကင်းရှင်းရေး နှစ်လမ်းမောင်းစနစ်ဖြစ်အောင် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်း၊ လဟယ် မဲဆန္ဒနယ်မှ ဦးဆားမူ၏ **ဆင်သေ-လဟယ် မော်တော်ကားလမ်း(၅၆)မိုင်အား ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်က ဖြေကြားရာတွင်-



ဖြေကြား

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

**ပထမမေးခွန်းနှင့်စပ်လျဉ်း၍** ရန်ကုန်-မန္တလေးလမ်းမကြီးတစ်လျှောက် လိုအပ်သည့်နေရာတိုင်းတွင် သတ်မှတ်မိုင်နှုန်းအတိုင်းမောင်းနှင်ပြီး သတိပေးဆိုင်းဘုတ်များ၊ လမ်းညွှန်အမှတ်အသားများအတိုင်း သတိပြုမောင်းနှင်ပါက အန္တရာယ်ကင်းရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ယာဉ်အန္တရာယ်လျော့ပါးရေးအတွက် လိုအပ်သည့်နေရာတိုင်းတွင် လမ်းညွှန်အမှတ်အသားများ၊ သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ တံတားအဝင်များ၊ လမ်းကွေ့များတွင် ညကြည့်ရောင်ပြန်အမှတ်အသားများကို လဲလှယ်တပ်ဆင်ခြင်း၊ ဆိုလာမီးတိုင်များလဲခြင်း၊ လမ်းများကိုပြုပြင်ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း၊ ကျွဲနွားတိရစ္ဆာန်များ လမ်းမပေါ်မတက်ရေး လမ်းကင်းများချ၍ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသခံပြည်သူများကိုလည်း ခရီးသွားများအန္တရာယ်ကင်းရှင်းစေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းပေးနိုင်ပါရန် ပညာပေးစည်းရုံးလျက်ရှိပါကြောင်း။

ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာအသုံးပြုနိုင်ရေးအတွက် အမြန်လမ်းစည်းကမ်းထိန်းသိမ်းရေးရဲတပ်ဖွဲ့ (Highway Police)မှ စခန်း(၁၂)ခုဖွင့်လှစ်၍ လတ်တလောအင်အား(၄၈၀)ဖြင့် အသွားအပြန် လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သူနာပြုယာဉ်ထားရှိကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းပိုင်းအလိုက် တာဝန်ခံများနှင့်ပူးပေါင်း၍ အရေးပေါ်ကုသမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် အသက်အန္တရာယ်လျော့ပါးစေရေးအတွက် အသက်ကယ်တန်း(Guard Rail)များ တပ်ဆင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နေရာအလိုက် ဦးစားပေးတပ်ဆင်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍** ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်တွင် တစ်နေ့ပျမ်းမျှယာဉ်စီးရေ (၂၅၀၀)အထက်သွားလာနေသည့် လမ်းပိုင်းများကို တာဝန်ယူဆောင်ရွက်နေသော ဘီအိုတီကုမ္ပဏီများကို (၄၈)ပေ အကျယ်(၄)လမ်းသွားလမ်း ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ တစ်နေ့ပျမ်းမျှယာဉ်စီးရေစာရင်းအပေါ်မူတည်၍ လမ်းအကျယ်ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆိုင်ကယ်၊ စက်ဘီးလမ်းများပါသည့် (၂)လမ်းမောင်းစနစ် ဆောင်ရွက်ရန် လတ်တလောအခြေအနေတွင် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

**တတိယမေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း(၅၀၀)ဖြင့် သွားလာမှုခက်ခဲ၍ အတက်အဆင်းမတ်စောက်သည့်(၃)နေရာ၊ အရှည်(၇)မိုင်ကို ပြေပြစ်အောင်နှိမ့်ချခြင်း၊ မိုင်(၂၄/၅)မှ (၂၇/၅)အထိ (၃)မိုင်နှင့် မိုင်(၂၈/၀)မှ(၃၁/၄)အထိ (၃)မိုင်(၄)ဖာလုံကို လမ်းအူကြောင်းအသစ် ဖောက်လုပ်ခြင်း၊ မိုင်တိုင်(၄၄/၆)မှ(၅၆/၀)အထိ (၁၁)မိုင်(၂)ဖာလုံ ကျောက်တောင် မိုင်းခွဲချဲ့ခြင်းအပါအဝင် လမ်းတာပေါင် အကျယ်(၃၄)ပေရရှိစေရန် လမ်းချဲ့ခြင်း၊ လမ်းပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် လျှိုဖြတ်(၁၅)နေရာတွင် လမ်းဖြတ် ရေထုတ်ပြွန်(၁၅)စင်း တည်ဆောက်ခြင်းနှင့် (၅၄)ပေ အရှည် ကျောက်စီမြေကာနံရံ(၁)ခု ဆောင်ရွက်ရန်လျာထားပြီး ပစ္စည်းစုဆောင်းခြင်းနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုမိုးရာသီတွင် ဆက်သွယ်သွားလာမှု မပြတ်တောက်ရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပွင့်လင်းရာသီတွင် တိုးတက်ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင်၏ **မဘိမ်းမြို့နယ် (၂၅)ခုတင်ဆံ့ ဆေးရုံအကြီးစားပြင်ဆင်ပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်း၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်၏ **ကြည့်မြင်တိုင်တစ်ဖက်ကမ်းကျေးရွာများတွင် တိုက်နယ်ဆေးရုံဆောက်လုပ်ပေးရန်နှင့် ဆရာဝန်များ အချိန်ပိုင်းတာဝန်ထမ်းဆောင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်း၊ မြောက်ဦး မဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ၏ **ကျီရာပြင်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာန တစ်ခုဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း**မေးခွန်းတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဝင်းမြင့်က ပြန်လည်ဖြေကြားရာတွင်-



**လဟယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူ မေးမြန်းစဉ်။** (သတင်းစဉ်)

**ပထမမေးခွန်းနှင့်စပ်လျဉ်း၍** ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ် ဆေးရုံတွင် ပျက်စီးနေသော အမိုးပိုင်းများကိုအကြီးစားပြင်ဆင်ပေးရန် လောလောဆယ်အစီအစဉ် မရှိသေးပါကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ခွင့်ပြုရန်ပုံငွေဖြင့် အကြီးစားပြင်ဆင်ပေးနိုင်ရေးဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍** ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းတွင် တိုက်နယ်ဆေးရုံ(၁)ရုံ ဖွင့်လှစ်ပေးရန် လိုအပ်သောအချက်များနှင့် ပြည့်စုံလျှင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးကတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး၏ ထောက်ခံချက်ဖြင့်တင်ပြပါက ကျန်းမာရေးဝန်ကြီးဌာနသည် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းတွင် စက်စမ်းကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲ(၃)ခုရှိပြီး လက်ထောက်ကျန်းမာရေးမှူး ဦးဆောင်သောသားဖွားဆရာမများဖြင့် ပြည်သူလူထုအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ကြည့်မြင်တိုင်မြို့နယ် ဒေသန္တရဆေးပေးခန်းမှ ဆရာဝန်များကလည်း တစ်ဖက်ကမ်းရှိကျေးရွာများသို့ ကွင်းဆင်း၍ ကျန်းမာရေး စောင့်ရှောက်မှုများပေးခြင်း၊ အရေးပေါ်အခြေအနေလိုအပ်ပါက ကွင်းဆင်းခြင်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ အချိန်ပိုင်းတာဝန်ထမ်းဆောင်ရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

**တတိယမေးခွန်းနှင့်စပ်လျဉ်း၍** မြောက်ဦးမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုပိုမိုပြည့်ဝစွာရရှိစေရန် ကျီရာပြင်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဖွဲ့စည်းပုံအဆိုပြုချက်များ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Meng Jianzhu ဦးဆောင်သောအဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၀

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Meng Jianzhu အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိမိတို့နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံအစိုးရနှင့် ခေါင်းဆောင်များ၏ အမြော်အမြင်ရှိမှုနှင့်အတူ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ အိမ်နီးချင်းကောင်းများ ပီသစွာ နေထိုင်ကြလျက်ရှိကြောင်း၊ အဆွေတော်၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အားဖြည့်စေမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက် ဆောင်ရွက်နေကြောင်း၊ နယ်စပ်ဒေသ၌ဖြစ်ပွားသော မူးယစ်ဆေးဝါးဆိုင်ရာ ပြဿနာများနှင့် တရားမဝင်မှောင်ခိုကိစ္စရပ်များကို တပ်မတော်အနေဖြင့် အင်တိုက်အားတိုက် ရှင်းလင်းဆောင်ရွက်နေကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ယခုအခါ မဲခေါင်မြစ်ဝှမ်းဒေသတွင် တည်ငြိမ်အေးချမ်းမှုရရှိနေပြီဖြစ်ကြောင်း၊ အဆိုပါ တည်ငြိမ်အေးချမ်းနေမှုများကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးက မဲခေါင်မြစ်ဝှမ်းဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ပေးသော မြန်မာ့တပ်မတော်ကို ချီးကျူးဂုဏ်ယူမိပါကြောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသ တည်ငြိမ်အေးချမ်းသွားမှုသည် မြန်မာအစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုက တရုတ်အစိုးရ၊ တရုတ်တပ်မတော်နှင့် တရုတ်ပြည်သူအပေါ် ထားရှိသော စေတနာကို ဖော်ပြခြင်းပင်ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း နယ်စပ်တည်ငြိမ်အေးချမ်းရေးအတွက် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာနှင့် တရားမဝင်မှောင်ခိုကိစ္စရပ်များကို နှစ်နိုင်ငံပူးပေါင်း၍ ဖော်ထုတ်ရှင်းလင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လက်ရှိရရှိနေသော တည်ငြိမ်အေးချမ်းမှုများကို တိုးတက်သွားအောင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ နိုင်ငံတော်ကောင်စီ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Wang Yongqing၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Xie Hangsheng၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Meng Hongwei၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များသည် စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အဆိုတင်သွင်းခြင်းကဏ္ဍ**၌ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်၏ **နိုင်ငံတော်တွင် အားကစားတက္ကသိုလ်တစ်ခု ဖွင့်လှစ်သင်ကြားပေးရေး** အဆိုကို တင်သွင်းသည်။

အဆိုရှင် သူရဦးအေးမြင့်၏အဆိုနှင့်စပ်လျဉ်း၍ ဇူလိုင် ၁၂ ရက်တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီအရောက် အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

**ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ**၌ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့်၏ **၁၈၅၀ ခုနှစ်၊ တရားရေးအရာရှိများကို ကာကွယ်ခြင်းဥပဒေ(အိန္ဒိယအက်ဥပဒေအမှတ်-၁၈)ကို ရုပ်သိမ်းသည့်ဥပဒေ** ကို တင်သွင်းရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးစိုးညွှန့်က ၁၈၅၀ပြည့်နှစ် တရားရေးအရာရှိများကို ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းရန်မလိုအပ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ အဆိုရှင်၏တင်ပြချက်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွှန့်တို့၏ ရှင်းလင်းချက်များကို ဥပဒေများလေ့လာသုံးသပ်ရေးကော်မရှင်သို့လွှဲအပ်ပြီး ကော်မရှင်၏ သဘောထားမှတ်ချက်နှင့်အတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြပြီးမှသာ လွှတ်တော်၏ အဆုံးအဖြတ်ရယူမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့်၏ **တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ကိုတင်သွင်းရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးစိုးညွှန့်က တရားရုံးများ မထီမဲ့မြင်ပြုမှုဥပဒေကို မြန်မာဘာသာဖြင့် အသစ်ရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီး ဖြစ်သည့်အပြင် ယင်းဥပဒေကြမ်းကို ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် နေ့စဉ်ထုတ်သတင်းစာများတွင်လည်း ဖော်ပြပါရှိပြီးဖြစ်ပါသဖြင့် ယင်းဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းသည့်အခါတွင် ဆွေးနွေးသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဦးသိန်းညွှန့်တင်သွင်းသည့် တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို လက်ခံဆွေးနွေးရန် လွှတ်တော်ကမှတ်တမ်းတင်ထားရှိပြီး ထိုဥပဒေကြမ်းလွှတ်တော်သို့ ရောက်ရှိလာသည့်အခါ လွှတ်တော်က လက်ခံဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်အချို့က ပညာရေးဆိုင်ရာ ဥပဒေကြမ်းများနှင့် ပတ်သက်ပြီးပေးပို့ခဲ့ကြကြောင်း၊ ယင်းဥပဒေကြမ်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးပါသော ဥပဒေကြမ်းများဖြစ်ပြီး အဆိုပါ ဥပဒေကြမ်းများအပေါ် ပြင်ဆင်ချက်ကို ဆွေးနွေးရန်အတွက် ရက်တိုးပေးရန် တင်ပြလာသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာကော်မတီများ ညှိနှိုင်းဆွေးနွေးပြီးနောက် ဇူလိုင် ၁၅ ရက် ညနေ ၄ နာရီအရောက် မိမိတို့၏ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများအလိုက် ပေးပို့ကြရန် ထပ်မံအသိပေးလိုကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေး၌ မေးခွန်း(၈)ခုမေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီခွဲတွင်ရပ်နားပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

**"ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံတွင် အရိုး၊ အကြောအထူးကု ဆရာဝန်တစ်ဦး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြန်လည်ဖြေကြားရာတွင်-

**ပထမမေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် ဆေးရုံသုံးပစ္စည်းများ တောင်းခံလာပါက လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဦးစားပေးအစီအစဉ်အတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဆေးရုံသုံးပစ္စည်းများလိုအပ်ပါက သတ်မှတ်ပုံစံတွင်ဖြည့်စွက်လျက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးကတင်ပြပြီး တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် စိစစ်ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

ခရိုင်အဆင့်ဆေးရုံများအထိ ဓာတ်မှန်စက်ထောက်ပံ့ထားရှိပြီး မြို့နယ်အဆင့်ဆေးရုံများအတွက် ဓာတ်မှန်စက် လုံးဝမရှိသေးသော ဆေးရုံများကို ဦးစားပေးအစီအစဉ်ဖြင့် ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ တိုက်နယ်အဆင့် ဆေးရုံများအတွက် လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ စံကိုက်ဓာတ်မှန်ဆောင် ဆောက်လုပ်နိုင်မှုနှင့် လျှပ်စစ်မီးရရှိမှုအပေါ် စိစစ်ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

**ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍** မိုးညှင်းခရိုင် ခုတင်(၁၀၀)ဆံ့ဆေးရုံကြီးတွင် တိုးချဲ့လူနာဆောင်အသစ် တည်ဆောက်ပေးနိုင်ရေးအတွက် မိုးညှင်းခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေးဦးစီးဌာနသို့ တင်ပြထားခြင်းမရှိသေးသော်လည်း လူနာဆောင်အသစ်လိုအပ်ပါက ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးမှ ပျမ်းမျှနေ့စဉ် လူနာတက်ရောက်မှုအခြေအနေ၊ ဆေးရုံ၏ လက်ရှိလူနာဆောင်များထားရှိမှု၊ အသစ်တည်ဆောက်လိုသော နေရာပြပုံစံ၊ လိုအပ်သောရန်ပုံငွေအား အင်ဂျင်နီယာနှင့်ပြည့်စုံစွာတွက်ချက်၍ တင်ပြတောင်းခံပါက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၏ ဦးစားပေးအစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။



**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် မေးမြန်းချက်များကို ဖြေကြားစဉ်။**
(သတင်းစဉ်)

**တတိယမေးခွန်းနှင့်စပ်လျဉ်း၍** မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် ညောင်ရမ်းတိုက်နယ်ဆေးရုံ၏ လိုအပ်သော ဥပဓိရုပ်ပြုပြင်နိုင်ရေး၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ရေး၊ သောက်သုံးရေအခက်အခဲ ဖြေရှင်းပေးနိုင်ရေး၊ ဓာတ်မှန်ခန်းနှင့်လိုအပ်သောပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် သက်ဆိုင်ရာကျန်းမာရေးကြီးကြပ်မှုကော်မတီမှ လိုအပ်သောရန်ပုံငွေအား အင်ဂျင်နီယာနှင့် ပြည့်စုံစွာတွက်ချက်၍ ကျန်းမာရေးဦးစီးဌာနသို့ တင်ပြတောင်းခံပါက ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

**စတုတ္ထမေးခွန်းနှင့်စပ်လျဉ်း၍** ညောင်ဦးမြို့ ပြည်သူ့ဆေးရုံ၏ ခုတင်(၁၀၀)ဆံ့ ဝန်ထမ်းအင်အား စံကိုက်ဖွဲ့စည်းပုံတွင် အထူးကုဆရာဝန်(အရိုး) ဖွဲ့စည်းပုံခွင့်ပြုထားခြင်း မရှိသော်လည်း မကြာမီ အရိုး၊ အကြောအထူးကု လက်ထောက်ဆရာဝန်တစ်ဦး ခန့်ထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင် မေးမြန်းသည့် **"မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် တောင်သမန်ကျေးရွာတွင် (၂၄) နာရီ မီးလင်းရေးဆောင်ရွက်ပေးရန်နှင့် တောင်သမန်ကျေးရွာအပါအဝင် မြန်မာ နိုင်ငံတစ်ဝန်းရှိ ကျေးရွာမီးလင်းရေးကော်မတီများ လိုက်နာရမည့် သတ်မှတ်ချက် (၂၄)ချက်ကို ပြင်ဆင်ဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ဆောင်ရွက်ရာတွင် ဓာတ်အားထုတ်လုပ်ပေးနိုင်မှုအပေါ် မူတည်ပြီး ဆောင်ရွက်ရပါကြောင်း၊ ဓာတ်အားထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများကို တိုးချဲ့တည်ဆောက်ရမည်ဖြစ်ပါကြောင်း။

**သတ်မှတ်ထား**

ယခင်ကာလက ဓာတ်အားထုတ်လုပ်ပေးနိုင်မှုပေါ်မူတည်ပြီး လျှပ်စစ်ဓာတ်အား အကန့်အသတ်နှင့် ပေးခဲ့သော်လည်း ယခုအခါ လျှပ်စစ်ဓာတ်အား အလုံအလောက်ရရှိပါက အကန့်အသတ်မထားဘဲ ခွင့်ပြုပေးနေပါကြောင်း၊ သို့သော်လည်း ဓာတ်အား အပြည့်အဝမပေးနိုင်သည့် နွေရာသီကာလတွင် အလှည့်ကျဓာတ်အားပေးစနစ် ဆောင်ရွက်ရသဖြင့် ကျေးရွာများကို လေးညတွင် တစ်ည ဓာတ်အားပေးရန် သတ်မှတ်ထားခြင်း ဖြစ်ပါကြောင်း။



**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်ဦး မေးမြန်းစဉ်။**
(သတင်းစဉ်)

ရွှေလီ-မန်စံ ၂၃၀ ကေဗွီဓာတ်အားလိုင်းရှိ တာဝါတိုင်များ မိုင်းခွဲဖျက်ဆီးခံခဲ့ရခြင်းကြောင့် လျှပ်စစ်ဓာတ်အား ၂၀၀ မဂ္ဂါဝပ် လျော့နည်းသွားသဖြင့် အမရပူရမြို့နယ် တောင်သမန်ကျေးရွာလည်း လေးည တစ်ည ဓာတ်အားရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့ရာတွင် ဓာတ်အားတိုးတက်ရရှိလာသည့် ဖွန်လ ၄ ရက်မှ စပြီး ကျေးရွာများသို့ နေ့စဉ် ညနေ ၅ နာရီမှ နံနက် ၅ နာရီအထိ ဓာတ်အားတိုးတက် ဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ ထို့ထက်ပိုပြီး ဓာတ်အား လုံလောက်စွာရရှိလာပါက ကျေးရွာများအား (၂၄)နာရီ ဓာတ်အားပေးသွားနိုင်မည် ဖြစ်ပါကြောင်း။

ယခင်က ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်နိုင်ခဲ့မှု မရှိခဲ့သဖြင့် လျှပ်စစ်အန္တရာယ်များခြင်း၊ ဓာတ်အားပျောက်ဆုံးမှုများခြင်း၊ တည်ဆောက်ပြီး မကြာခင် ပြန်လည်ပြုပြင်မှုများ၊ ဆောင်ရွက်ရခြင်းများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့အပြင် ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်မှုမရှိခြင်း၊ မသမာသူတို့ ငွေကြေးအလွဲသုံးစားပြုမှုများ ဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် ယင်းအချက်များအပေါ် မူတည်ပြီး ကော်မတီများ သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များကိုစုစည်းပြီး စည်းကမ်းချက်များအဖြစ် လိုက်နာလုပ်ဆောင်ရမည့် အချက်(၂၄)ချက်ကို သတ်မှတ်လိုက်နာစေခဲ့ခြင်း ဖြစ်ပါကြောင်း။

သတ်မှတ်ချက်တွင်ပါဝင်သည့် လေးည တစ်ည ဓာတ်အားပေးသည့်စနစ်မှာ ဓာတ်အားမလုံလောက်သည့်အချိန်များတွင် စနစ်တကျဖြင့် အလှည့်ကျဝန်အား လျှော့ချနိုင်ရန်အတွက် ကြိုတင်သတ်မှတ်ပေးထားခြင်းဖြစ်ပါကြောင်း၊ သတ်မှတ်ချက်(၂၄)ချက်မှာ ကျေးရွာများမီးလင်းရေးဆောင်ရွက်ရာတွင် စနစ်တကျ ဆောင်ရွက်နိုင်စေရန် သတ်မှတ်ထားသည့် စည်းကမ်းချက်များဖြစ်ပါကြောင်း၊ တွေ့ကြုံလာခဲ့ရသည့် အားနည်းချက်များ၊ အကျိုးမဲ့ဖြစ်ပေါ်လာခဲ့မှုများအပေါ် မူတည်ပြီး ယခုကဲ့သို့ စည်းကမ်းချက်များ ဖော်ထုတ်သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဖော်ပြပါ စည်းကမ်းချက်များသည် ဓာတ်အားဖြန့်ဖြူးမှုစနစ် ရေရှည်ကောင်းမွန်စေရေးကို ရည်ရွယ်၍ သတ်မှတ်ထားခြင်းဖြစ်ရာ ကျေးလက်မီးလင်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်(၂၄)ချက်အား ဖြေလျှော့ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က **"မြို့ပြဆိုင်ရာ အိမ်ငှားရမ်းမှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရန်နှင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေကို ရုပ်သိမ်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်းဆုံးဖြတ်ပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ပဥ္စမနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်ပြီး ဆဋ္ဌမနေ့ အစည်းအဝေးကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၅)ခု မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ အဆို(၁)ခု တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် ဆုံးဖြတ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်နေသော စီမံကိန်းကြီးများလုံခြုံရေး

# နှစ်နိုင်ငံရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၁၀**

ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် မြတ်တော်ဝင်ဟိုတယ် အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E.Mr.Meng Jianzhu တို့သည် နှစ်နိုင်ငံဝန်ကြီးဌာန အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး အစည်းအဝေးကျင်းပသည်။ **(ယာပုံ)**



အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဘက်မှ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဦးဆောင်သော သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ် ၁၅ ဦး၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဘက်မှ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E.Mr Meng Jianzhu ဦးဆောင်သော ကိုယ်စားလှယ် ၂၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးများ၊ နှစ်နိုင်ငံရဲတပ်ဖွဲ့အချင်းချင်း၏ လုံခြုံရေး ပူးပေါင်းဆောင်ရွက်ခြင်းများ၊ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်နေသော စီမံကိန်းကြီးများ ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များနှင့် နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မှတ်သားဖွယ်ရာမိုးရေချိန်** ၁၀-၇-၂၀၁၂

| | | | |
|---|---|---|---|
| ခန္တီးမြို့ | ၇ ဒသမ ၂၈ လက်မ | အမ်းမြို့ | ၂ ဒသမ ၅၉ လက်မ |
| စစ်တွေမြို့ | ၄ ဒသမ ၆၉ လက်မ | မကွေးမြို့ | ၂ ဒသမ ၅၆ လက်မ |

# မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးလျော့နေမည်

**နေပြည်တော် ဇူလိုင် ၁၀**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးလျော့နည်းနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ဇူလိုင် ၃ ရက်က ညောင်ဦးမြို့တွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးအိက ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (မြန်မာ့အလင်း)





**ရန်ကုန်မြို့ တောင်ဥက္ကလာမြို့နယ် (၆)ရပ်ကွက် အင်းဝ(၅)လမ်း အမှတ် ၄၅၉ နေ ဦးကျော်ထင်၏(၈၆)နှစ်မြောက် မွေးနေ့အတွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံး လက်ခံယူစဉ်။** (ကင်ဆာဖောင်ဒေးရှင်း)

**မုတ်သုံလေ အားနည်းသဖြင့် မိုးလျော့နည်းနိုင်**

*နေပြည်တော် ဇူလိုင် ၁၀*

*ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေခြင်းကြောင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးလျော့နည်းသွားနိုင်သည်။ ယင်းကဲ့သို့ မိုးလျော့နည်းနိုင်မည့်အခြေအနေသည် ယနေ့မွန်းလွဲမှ နောက် သုံးရက်အတွင်း ဆက်လက်ဖြစ်ပေါ်နိုင်မည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။* *(သတင်းစဉ်)*

# ဇေယျာသီရိအဆင့်မြင့် ဘောလုံးကွင်းတည်ဆောက်မှု ၈၃ ရာခိုင်နှုန်းပြီးစီး

**နေပြည်တော် ဇူလိုင် ၁၀**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဓိကလက်ခံကျင်းပမည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ နိုင်ငံတကာအဆင့်မီ အားကစားကွင်းကို မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီမှ ဇေယျာသီရိမြို့နယ် ပုပ္ပားကုန်းကျေးရွာ သိုက်ချောင်းအနီးတွင် ၂၀၀၉ ခုနှစ် ဒီဇင်ဘာနှောင်းပိုင်းက စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ၈၃ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးလျက်ရှိကြောင်း သိရှိရသည်။

နေပြည်တော် ဇေယျာသီရိအဆင့်မြင့်အားကစားကွင်းကို အင်ဂျင်နီယာဌာန၊ စီမံအုပ်ချုပ်မှုဌာန၊ ငွေစာရင်းဌာန၊ အုတ်စက်ဌာန၊ ကျောက်ခွဲစက်ဌာန၊ မော်တော်ယာဉ်ဌာန၊ လုံခြုံရေးဌာနစသည်တို့အတွက် မက်စ်မြန်မာကုမ္ပဏီမှ အမြဲတမ်းဝန်ထမ်း ၉၃ ဦး၊ နေ့စားဝန်ထမ်း ၄၁ ဦး၊ ယာဉ်၊ စက်၊ ယန္တရားကြီးများဖြင့် နေ့မအား ညမနား သတ်မှတ်ချိန်မီ ပြီးစီးရေး ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ဘောလုံးကွင်းနှင့် ပွဲကြည့်စင် ၃၂ ဧက၊ ဘောလုံးကွင်းနှင့် ယာဉ်ရပ်နားကွင်း ၁၃၄ ဧက၊ လေ့ကျင့်ရေးကွင်း ၂၂ ဧက၊ အားကစားရုံ ၂၁ ဧကစီ ကျယ်ဝန်းပြီး ပွဲကြည့်ပရိသတ် ၃၀၇၉၂ ဦးခန့် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ **(အောက်ဝဲပုံ)**

နိုင်ငံတကာအဆင့်မီ ဇေယျာသီရိအဆင့်မြင့်ဘောလုံးကွင်းတွင် မြေညီထပ် (ပထမထပ်)သည် စတုရန်းမီတာ ၄၅၆၉၀၊ ဒုတိယထပ်သည် စတုရန်းမီတာ ၉၂၀၀၊ တတိယထပ်သည် စတုရန်းမီတာ ၂၁၀၀ ကျယ်ဝန်းပြီး အထပ်တိုင်းတွင် ပြခန်းများ၊



စားသောက်ခန်းများ၊ ရုံးခန်းများ၊ အစည်းအဝေး ခန်းမများ၊ မီဒီယာခန်း၊ အားကစားခန်းများ၊ လုံခြုံရေးခန်းများ စသည်ဖြင့် နိုင်ငံတကာအဆင့်မီ စနစ်တကျ တည်ဆောက် ထားကြောင်း၊တည်ဆောက်မှုကို ယခုနှစ် အောက်တိုဘာလ ကုန်တွင် အပြီးသတ် တည်ဆောက်နိုင်မည် ဟု မျှော်လင့်ထားကြောင်း၊ မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီ မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။ **(၁၆၅)**



# ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၁၀**

အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထက (သုဝဏ္ဏ) ကျောင်းဝင်းအတွင်း၌ ဇူလိုင် ၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အရှေ့ပိုင်းခရိုင် ပညာရေးမှူး ဦးရှိန်းလင်းအောင်က ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများက ကံ့ကော်ပျိုးပင်များကို ပေးအပ်ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဦးမြင့်သိန်း၊ **(အပေါ်ပုံ)** စီမံစီးပွားဝန်ကြီး ဦးသန်းမြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအေး၊ ခရိုင်ပညာရေးမှူး ဦးရှိန်းလင်းအောင်၊ အထက(သုဝဏ္ဏ) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသွယ်နှင့် ဧည့်သည်တော်များ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများက စုပေါင်းသစ်ပင်စိုက်ပျိုးကြကြောင်း သိရှိရသည်။ **(၀၈၄)**

# မိုးရာသီဘဏ်ချေးငွေ ဝါးခယ်မ၌ထုတ်ချေး

**ဝါးခယ်မ ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲမှ ၂၀၁၂ ခုနှစ် မိုးရာသီဘဏ်ချေးငွေ ပေးအပ်ပွဲကို ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက ရွှေခယ်သီရိအားကစားခန်းမ၌ ကျင်းပသည်။

ဘဏ်ချေးငွေ ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မြို့နယ်မန်နေဂျာ ဦးကျော်ဆွေတို့က ချေးငွေထုတ်ချေးခြင်းလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တောင်သူ ၈၂၁ ဦးအား တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀နှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **(၁၇၂)**

# မော်ကျွန်း၌ အခမဲ့ဆေးကုခန်းသို့ငွေလှူဒါန်း

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၀**

မော်လမြိုင်ကျွန်းမြို့တွင် အခမဲ့အထွေထွေရောဂါကုဆေးခန်း ဖွင့်လှစ်ထားသော အဖြူရောင်နှလုံးသားအဖွဲ့သို့ မော်လမြိုင်ကျွန်းမြို့ပေါ်မှ အလှူရှင်များက အလှူငွေကျပ်ခြောက်သိန်း ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၃ ရက် နံနက် ၇ နာရီက မော်လမြိုင်ကျွန်းမြို့ တပင်ရွှေထီးလမ်းရှိ အဖြူရောင်နှလုံးသားအဖွဲ့ ဆေးခန်းအဆောက်အအုံရှေ့၌ ကျင်းပသည်။

အလှူငွေပေးအပ်လှူဒါန်းပွဲတွင် မော်လမြိုင်ကျွန်းမြို့နေ ဦးပါ-ဒေါက်တာညွန့်ညွန့်သိန်း မိသားစုက ငွေကျပ်သုံးသိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်က ငွေကျပ်တစ်သိန်းငါးသောင်း၊ ဒေါ်ချိုကြီးနှင့် ဒေါ်ခိုင်ခိုင် မိသားစုက ငွေကျပ်တစ်သိန်းနှင့် ဦးဇော်မိုးထွန်း-ဒေါ်ယုယုခိုင် (ရွှေရည်ဦး) မိသားစုက ငွေကျပ်ငါးသောင်း စုစုပေါင်းအလှူငွေကျပ်ခြောက်သိန်းကို အလှူရှင်များကိုယ်စား ဦးပါက ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(၀၆၅)**

# ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး အုတ်ဖိုမြို့နယ်၌ ဟောပြော

**အုတ်ဖို ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျက်ဆူတောကျေးရွာ သုတဘဏ်စာကြည့်တိုက်တွင် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေးဟောပြောပွဲကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက ကျင်းပရာ သာယာဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်စန်းစန်းကျော်က ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဆွေးနွေးဟောပြောပြီး သုတဘဏ်စာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ် ၅၀နှင့် မြို့နယ်ဦးစီးမှူး ဒေါ်ညွန့်ညွန့်စိန်က သုတ၊ ရသ စာအုပ် ၅၀တို့ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**ကန်ကြီးထောင့် ဇူလိုင် ၁၀**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဘဲဂရက်ဒီးဒုတ်လမ်း၌ ဇွန် ၂၅ ရက် နံနက် ၈ နာရီက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းနှင့် ဌာနဆိုင်ရာများသို့ ကျွန်း၊ မဟော်ဂနီနှင့် ယူကလစ် ပျိုးပင်စုစုပေါင်း ၅၀၀ ပေးအပ်သည်။

ထို့နောက် မြို့နယ်သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ချိုနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**



# မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ညောင်တုန်းမြို့နယ်၌ကျင်းပ

**ညောင်တုန်း ဇူလိုင် ၁၀**

ညောင်တုန်းမြို့နယ်အုပ်ချုပ်ရေးမှူးဖလား အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ညောင်တုန်းမြို့နယ်ပြည်သူ့အားကစားကွင်း၌ ဇူလိုင် ၈ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပရာ **(အပေါ်ပုံ)** မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ အမျိုးသားဘောလုံးအသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အခမ်းအနားတွင် ညောင်တုန်းမြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးခင်မင်းက အမှာစကားပြောကြားသည်။

ကွင်းဖွင့်ပွဲအပြီးတွင် သပြေချောင်းဇုန်အသင်းနှင့် မဲဇလီဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သပြေချောင်းဇုန်အသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အဆိုပါ အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(၀၈၂)**


မြန်မာ့အလင်း

## စာတည်းထံပေးစာများ

### ပိုးသတ်ဆေးလုပ်ငန်းကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကွင်းကျောင်းလမ်းရှိတိုက်ခန်းတစ်ခန်းတွင် တိုက်နောက်ဘက်လမ်းကြား(မီးတားလမ်း)သို့ အဆောင်ထုတ်ပြီး ပိုးသတ်ဆေးများ ပြုလုပ်ရောင်းချလျက်ရှိရာ ယင်းပိုးသတ်ဆေးအနံ့ဆိုးများသည် ဘေးပတ်ဝန်းကျင်သို့ ပျံ့နှံ့နေသောကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ ကျန်းမာရေး ထိခိုက်နိုင်သဖြင့် အဆိုပါပိုးသတ်ဆေးလုပ်ငန်းကို သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူများ**

### ကျူးကျော်တဲအိမ်များ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

ပုသိမ်မြို့ အောင်သိဒ္ဓိရပ်ကွက် ဘန့်ဘွေးကုန်းလမ်းမှ ကျောက်ငူကမ်းနားလမ်းဘက်အဆင်း မီးရထားလမ်းဘေးတွင် တရားမဝင်ကျူးကျော်တဲအိမ်များ စည်းကမ်းမဲ့ ဆောက်လုပ်နေထိုင်ကြပြီး မီးကို မဆင်မခြင်သုံးစွဲနေကြသဖြင့် မီးဘေးအန္တရာယ်ကျရောက်မည် စိုးရိမ်နေရပါသောကြောင့် အဆိုပါကျူးကျော်တဲအိမ်များကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**မီးစိုးရိမ်သူ**

### ပဲကြော်ဖိုမှ ညှော်နံ့မခံနိုင်

**စာတည်းခင်ဗျား-**

ကလေးမြို့ အောင်သစ္စာရပ်ကွက် နယ်မြေ(၅) ကံ့ကော်လမ်းရှိ အိမ်တစ်အိမ်၏ ပဲကြော်ဖိုမှ ပဲစိမ်ပြီး သွန်ပစ်သောရေမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ကံ့ကော်လမ်းသား**




# ထူးချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

**ကညွတ်ကွင်း ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အထကတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အခမ်းအနားနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ကြသူများ၊ ဂုဏ်ထူးရရှိကြသော ကျောင်းသား ကျောင်းသူများ၊ ပဉ္စမတန်းမှ နဝမတန်းအထိ ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသော ကျောင်းသားကျောင်းသူများနှင့် သင်ကြားပေးသော ဆရာ ဆရာမတို့အား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက အထက မြရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကညွတ်ကွင်းနယ်မြေအတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြသူ ကျောင်းသား ကျောင်းသူ ၁၃၀၊ ဂုဏ်ထူးဖြင့်အောင်မြင်ကြသူ ၂၆ ဦး၊ ပဉ္စမတန်းမှ နဝမတန်းအထိ ထူးချွန်သည့်ကျောင်းသား ကျောင်းသူ ၇၂ ဦးနှင့် ဆရာ ဆရာမ ၄၇၂ ဦးတို့အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ဦးထွန်းမြင့် (TZ TM ကုမ္ပဏီ နေပြည်တော်)တို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(၀၄၆)**

# သံတောင်ကြီး၌ သစ်ပင်စိုက်ပျိုး

**သံတောင်ကြီး ဇူလိုင် ၁၀**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်သစ်တောဦးစီးဌာနကကြီးမှူး၍ ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် သံတောင်ကြီးမြို့၌ ကျင်းပရာ အခမ်းအနားတွင် သံတောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ပျိုးပင်များကို တက်ရောက်လာကြသူများအား ပေးအပ်ပြီးနောက် မဟော်ဂနီပင်ကို စိုက်ပျိုးပေးခဲ့သည်။ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးပေါ်မောင်နှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကညင်၊ သစ်တိုနှင့် ရေသင်းဝင် စုစုပေါင်းပျိုးပင် ၃၀၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**






## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ဘုရင့်နောင်လမ်းမပေါ်ရှိ အမှတ် ၅၆ဟု ခေါ်တွင်သော မြေအကျယ်ပေ(၄၀×၃၅) မြေပေါ်ရှိ နေအိမ်အဆောက်အအုံများနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ဦးဝင်းသိန်း ၁၂/အစန (နိုင်)၀၁၀၁၈၂မှ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဦးမောင်မောင်တင့် ၁၃/ရစန(နိုင်)၀၁၁၁၈၅က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

ယင်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ၁၄ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်ရမည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်တင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမိုးဇင် (B.A, H.G.P, D.B.L) (စဉ်-၁၉၈၅၅)**
**အထက်တန်းရှေ့နေနှင့် ဥပဒေအကြံပေး**
**တိုက် ၁၅၆၊ ၁ လမ်း၊ ထီးလှိုင်ရှင်အိမ်ရာ၊ (၈)ရပ်ကွက်၊ လှိုင်သာယာမြို့၊**
**ဖုန်း-၀၉-၄၃၁၂၂၀၇၃**

**ကျေးဇူးဆပ်ပါမည်**

မောင်အိုဘီဇိုးဆန်းလွှုံ ၁၂/မဂတ(နိုင်)၁၀၀၀၂၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန် မေတ္တာရပ်ခံပါသည်။**ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၁၀၂၀၄၈**

## အမြန်ငှားလိုသည်

အနောက်တိုင်းအစားအစာဆိုင်ဖွင့်ရန် ကားပါကင်ခြံကျယ်ဝန်း၍ နေရာကောင်း ငှားလိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။ လက်မှတ်ရ စားဖိုမှူးများ လာရောက်တွေ့ဆုံနိုင်ပါသည်။

ဖုန်း-၂၉၅၄၈၃၊ ၀၉-၄၉၂၂၃၀၈၉

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးမျိုးသန့် ၁၂/ဗဟန(နိုင်)၀၇၁၉၈၇ ပိုင်ဆိုင်သော ၁က/၃၉၉၄ Toyota Corolla ကားအုံနာစာအုပ်မှာ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်းအနီး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၄၂၀၀၃၄၁၃၃ သို့ ဆက်သွယ်အကြောင်းကြားပေးပါက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။



## ဖခင်အမည်မှန်

ဒဂုံမြို့နယ်၊ အထက(၂) နဝမတန်း(B)မှ မောင်မြတ်ဟိန်းတိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းမြင့်လှိုင် ဖြစ်ပါသည်။

**တစ်ဦးတည်း ဖြစ်ကြောင်း**

မိုင်းဇင်အုပ်စု၊ပန်ဟွန်းရွာနေ မခင်ချောစု ၅/မမန(နိုင်)၀၅၅၈၇၃ နှင့် မနီနီဝင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မခင်ချောစု(ခ)မနီနီဝင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်(၂) အိမ်ရာစီမံကိန်း၊ တိုက်အမှတ်၃၂Aကို အမည်ပေါက် ဗိုလ်မှူးကြီးစံပြည့် ၃/ဘအန(နိုင်)၀၀၉၃၉၆ ထံမှ စာချုပ်စာတမ်းများဖြင့် တရားဝင်ဝယ်ယူထားသူ ဦးသိန်းသန်း ၁/ဝမန(နိုင်) ၀၅၅၈၂၇မှ ပိုင်ဆိုင်မှု အမည်ပြောင်းလဲ၍ မြေငှားဂရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခြင်း

မြဝတီမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊နဝရတ်လမ်း၊အမှတ် ၃၂နေ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးရန်နောင်စိုး ၃/ကကရ(နိုင်)၀၆၈၉၁၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးရန်နောင်စိုး၏ဇနီးဖြစ်သူ ဒေါ်ချိုချိုမာ (ဘ)ဦးအင်ဆက်အာလီ၊နိုင်ငံသားကတ်ပြားအမှတ် ၃/ကကရ(နိုင်)၀၆၁၁၆၈ ကိုင်ဆောင်သူသည် အသက်(၈)နှစ်အရွယ်ရှိ သား-မောင်ရီဝေယံဖြိုးနှင့် အသက်တစ်နှစ်ခွဲရှိ ရောဂါသည်လူမမည်နို့စို့အရွယ်ဖြစ်သော သမီး-မရတီဖြိုးဝေတို့အား စွန့်ပစ်ထားရိုကာ မည်သည့်အကြောင်းပြချက်မျှမရှိဘဲ မိမိ၏သဘောဆန္ဒဖြင့် ၁-၇-၂၀၁၂ ရက်တွင် အထက်ပါနေအိမ်မှ ဆင်းသွားခဲ့ပါသည်။

ဒေါ်ချိုချိုမာနှင့်အတူ ရွှေထည်လက်ဝတ်လက်စား စုစုပေါင်း အလေးချိန် (၇) ကျပ်သားနှင့် စိန်နားကပ်တစ်ရန်အပါအဝင် ငွေသားကျပ် ၁၀သိန်းခန့်အား ယူဆောင်သွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ချိုချိုမာ၏ ပြုလုပ်မှုများမှာ ခင်ပွန်းသည်ဖြစ်သူ ဦးရန်နောင်စိုးက သည်းခံခွင့်လွှတ်နိုင်ခြင်းမရှိပါ၍ ဒေါ်ချိုချိုမာအား ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် သားသမီးများနှင့်လည်း ပတ်သက်ခွင့်မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ချိုချိုမာနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်မှာလည်း ဦးရန်နောင်စိုးနှင့် သက်ဆိုင်ပတ်သက်ခြင်းမရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးရန်နောင်စိုး**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလွင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
**အမှတ် ၂၂၂၊ စံပယ်လမ်း၊(၂)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်**
**ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ခရေပင်ရိပ်မွန်(၂) အိမ်ရာစီမံကိန်း၊ တိုက်အမှတ်၃၃Aကို အမည်ပေါက်ဗိုလ်မှူးကြီး တင်စိုး NBN-၀၂၅၃၅၇ ထံမှ စာချုပ်စာတမ်းများဖြင့် တရားဝင် ဝယ်ယူထားသူ ဦးသိန်းသန်း ၁/ဝမန(နိုင်)၀၅၅၈၂၇ မှ ပိုင်ဆိုင်မှုအမည်ပြောင်းလဲ၍ မြေငှားဂရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**



# အသေးစား/အလတ်စား စက်မှုလုပ်ငန်းလုပ်ကိုင်လိုသူများအတွက်

နိုင်ငံတော်၏ စီးပွားရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် အသေးစား/အလတ်စား စက်မှုလုပ်ငန်းများ တည်ထောင်ဖွံ့ဖြိုးလာစေရေးကို နိုင်ငံတော်မှ အထူးအားပေးလျက်ရှိပါသည်။

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ ဖက်စပ်လုပ်ငန်းအသွင်ဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်ပါသည်။

လုပ်ကိုင်ဆောင်ရွက်ခွင့် မှတ်ပုံတင်ခြင်းကိစ္စများကို အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိပါသည်။ ငွေကြေးဆိုင်ရာ အကူအညီများကိုလည်း အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

နည်းပညာဆိုင်ရာ အကူအညီများကို အသေးစားနှင့်အလတ်စား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (SME Center)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့မှ ကူညီပါမည်။

၄င်းအပြင် စက်ပစ္စည်းကိရိယာများ တင်သွင်းခြင်းကို လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖုန်း-၀၆၇-၄၀၅၀၆၁၊ ၄၀၅၀၅၀၊ ၄၀၅၃၃၆၊**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်**
**ဖုန်း-၀၁-၂၁၄၃၄၄၊ ၀၁-၂၁၄၃၄၆-၄၉**
**အသေးစားနှင့်အလတ်စားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန ဖုန်း-၀၁-၈၆၀၃၈၂၇၊ ၀၁-၅၅၉၂၃၉**

# လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ်လီမိတက်၏ ရမည်းသင်းဘဏ်ခွဲအား ၁၁-၇-၂၀၁၂ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်ခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အစဉ်ထာဝရ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**အမျိုးသားကြီးပွားတိုးတက်ရေး**
**ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်**
**အလုပ်အမှုဆောင်အဖွဲ့**
**မိုးထိမိုးမိရွှေတောင်ကြီး ဗုဒ္ဓသာသနာထွန်းကားရေးအဖွဲ့**

## Y.E.S. International English Language Centre

Since 1994

**Basic Spoken English**
Mon to Thurs- 3:00-5:00 am — 9 July
Mon to Thurs – 7:30-9:30am — 16 July
Mon to Thurs- 1:00 - 3:00 pm — 16 July
Sat & Sun - 9:30 - 12:00 am — 14, 28 July
Mon to Thurs - 5:00 - 7:00 pm — 16 July, 6 Aug
Sat & Sun - 12:30 - 3:30 pm — 21 July, 4 Aug

**Pre-Intermediate English**
Mon to Thurs-10:00-12:00am — 16, 30 July
Mon to Thurs-1:00 - 3:00 pm — 16 July
Sat & Sun - 12:30 - 3:30 pm — 21 July
Mon to Thurs- 5:00 - 7:00 pm — 30 July

**Intermediate English**
Mon to Thurs - 1:00 - 3:00 pm — 16 July

**Structure & Written Expression**
Mon to Thurs- 10:00 - 12:00 am — 2 July
Mon to Thurs - 5:00 - 6:30 pm — 16 July
Sat to Sun- 12:30 - 3:30 pm — 21 July
Sat to Sun- 9:00 - 12:00 pm — 28 July

**Grammar Foundation Course**
Mon to Thurs- 1:00 - 2:30 pm — 16 July
Mon to Thurs- 3:30 - 5:00 pm — 23 July

**Basic Writing Course**
Sat & Sun - 3:45 - 6:15 pm — 21 July

**Academic Writing Course**
Sat & Sun - 5:00 - 7:00 pm — 14 July

**IELTS Practice Test**
Sat & Sun - 10:30 - 12:30 am — 14 July

**IELTS Speaking Course**
Sat & Sun-1:00 - 3:30 pm — 14 July

**Academic Preparation for IELTS**
Mon to Thurs-10:30-12:30 am — 16 July

**SAT**
Mon to Thurs- 3:30 - 5:00 pm — 16 July

**TOEFL**
Mon to Thurs- 5:30 - 7:00 pm — 23 July

No.190, 2nd Flr., 28th St.(Upper), Pabedan Tsp. ☎ 243950



## သန်းဓွေးနှင့်ရောင်းရင်းများ



## ဦးစမောင်လှိုင် ၊ ဦးကံမြင့်



## ရဲမျက်မှန်



## Gusto Graphic Design

No.332 D, Pyay Road (Near Mahamyaing Bus-Stop), Sanchaung Tsp., Yangon.
Ph: 01-503715, 224496, 09-86 73006.



## သုခ ချမ်းသာ

01-502365, 09-5077984, 09-420090399









(16-7-12) ... 65000








## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၄၅-က)၊အတိုင်းအတာအားဖြင့် ပေ(၂၀×၆၀) ရှိ နှစ် ၆၀ ဂရန်မြေနှင့် မြေပေါ်ရှိအိမ်တို့ကို တရားဝင်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကျုံပျော်မန်းဟန်တင် B.A, D.S , R.L**
**တရားလွှတ်တော်ရှေ့နေ(၂၀၆၁)**
**တိုက် ၁၂၊ အခန်း ၅၊ ရန်ကင်း၊ ရန်ကုန်**

**တစ်ဦးတည်း ဖြစ်ကြောင်း**

ဦးချယ်ရီ၏သား ဦးထွန်းကျော်နှင့် ဦးဘိုးဖြူ နိုင်ငံသားစိစစ်ရေးအမှတ် ၁၃/လရန(နိုင်)၀၂၉၂၀၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထွန်းကျော်(ခ)ဦးဘိုးဖြူ**





သမ္မတ
သွင်
မင်္ဂလာ (၁)

လန်ဒန်အိုလံပစ် ၂၀၁၂ LIVE

london

5 NETWORK

LONDON OLYMPIC 2012

5 NETWORK မှ တိုက်ရိုက် ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ☎ 01-400 878

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်နယ်တရားမရုံးတော်၌**
**၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၂၅၁**

ဦးတင်အောင်ထွန်း **နှင့်** ဒေါ်မူမူဌေးပါ-၂
**တရားလို** **တရားပြိုင်များ**

ဒေါ်သန်းသန်းဌေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဦးတင်အောင်ထွန်းက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ၉/အရ မရွှေ့မပြောင်းနိုင်သောပစ္စည်းလက်ရောက်ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၆ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇူလိုင် ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ခင်စိမ်းဝင်း**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ B ၊ မြေကွက်အမှတ် ပဋ္ဌမတန်းစား ၅၆၄၊ မြေကွက်တည်နေရာအမှတ် ၅၁၊ ၁၁၈ လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးဘစိန် ၁၂/လကန(နိုင်)၀၅၈၇၂၁ အမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက်ထံမှ G.P ရသူ ဦးအာလီဘူရော်မာန် ၁၂/လကန(နိုင်)၀၅၈၇၂၀ က G.P ၅၆၁၉/၂၀၀၇ (၂၁-၆-၂၀၀၇)ဖြင့် ကတိသစ္စာပြုလွှာ ၃၀-၅-၂၀၁၂တို့ကို ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ တိုက်အမှတ် ၁၃၊ နှစ်ခန်းတွဲတိုက်၏(2B)၊ ပထမထပ်(ဝဲဘက်)၊ အလျား၁၅ပေ× အနံ၅၅ပေအကျယ်အဝန်းရှိ ဆွဲကပ်ပစ္စည်းများပါ ရေ၊မီးစုံအပါအဝင် တိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်စန္ဒာထွန်း ၁၄/ပသန(နိုင်)၁၅၂၈၆၈ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ တရားဝင်အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သင်းသင်းခိုင် LL.B,D.B.L,D.M.L**
**အထက်တန်းရှေ့နေ(စဉ်-၂၃၀၀၇)**
**တိုက် ၈၁/A၊ ရှစ်လွှာ၊ အင်းစိန်လမ်းမ၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ဖုန်း-၀၉-၅၁၈၇၃၇၂၊ ၀၉-၇၃၀၇၆၅၇၂**

**ဦးဇော်မျိုးထက် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၃၇၁၇၉)**
**ဖုန်း-၀၉-၄၂၀၀၄၀၁၄၉**

## အောင်စကြာဆရာတော် တရားချီးမြှင့်မည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ ဦးစီးပဓာနနာယက (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) အောင်စကြာ ဘဒ္ဒန္တစန္ဒသူရိယ ဆရာတော်သည် ဒုတိယဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းဥပုသ်နေ့တိုင်း ရွှေတိဂုံစေတီတော်ကြီး၏ရင်ပြင် သောကြာထောင့် ဆံတော်တွင်းတန်ဆောင်းတွင် နံနက်ပိုင်းမှာသီလပေး၍ မွန်းလွဲ ၁နာရီမှ ၂နာရီအထိ ဝိပဿနာ တရားဟောကြားပြီး မွန်းလွဲ ၂နာရီမှ၂း၃၀နာရီအထိ လက်တွေ့အားထုတ်ရမည်ဖြစ်သည်။ အောင်စကြာဓမ္မရိပ်သာ၌ နံနက်ပိုင်းတွင် သီလပေး၍ ညနေ ၃း၃၀နာရီမှ ၄း၃၀နာရီအထိ ဝိပဿနာ အလုပ်ပေးတရားများကို ဟောကြားပြသပြီး ညနေ ၅နာရီမှ ၆နာရီအထိ တရားအားထုတ်ကြရမည်ဖြစ်ရာ မည်သူမဆို ကြွရောက်၍ နာယူအားထုတ်နိုင်ကြပါသည်။

နေပြည်တော်မှာ **ဦးလှိုင်ဘွား** ရှိတယ်။ ဘဏ္ဍာ/အခွန်
**ဦးလှိုင်ဘွား (Former Gazetted Officer)** ပို့ဆောင်ရေး
**J.H.A ရာထူးဝင်သင်တန်းများ** လျှပ်စစ်(၁)
ယောက်သွားအင်း၊ နေပြည်တော်လမ်းမကြီးဘေး၊ ဖုန်း-၀၉-၄၉၂၀၁၉၈၈
**လ/ထဆရာဝန်များအတွက် သီးသန့်**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

၈ရ/၉၆၈၁ MAHAR LT Ton pu 4x2 ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ထွေး ၁၂/သကတ(နိုင်)၀၀၀၈၄၇က ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၄၇၊မြေကွက်အမှတ်၉၁၇၊မြေကွက်တည်နေရာအမှတ် ၉၁၇၊ (၁၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးသန်းစိုး ၁၂/သဃက(နိုင်)၀၂၆၁၄၄ အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးသန်းစိုးက မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ လူနေရပ်ကွက်အမှတ် (စက်မှုဇုန်-၁)၊ မြေကွက်အမှတ် ၂၅၄၊ ထားဝယ်လမ်း၊ မြေဧရိယာ ၀ဒ၁သမ၁၆၅ ဧက၊ စတုရန်းပေ ၇၂၀၀ရှိနှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် ရောင်းချသူ ဦးအောင်လွင် ၁၂/ဗဟန(နိုင်)၀၇၄၃၉၁၊ BHN-၀၁၅၃၅၉ က တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပါသည်။ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေကတရားဝင်အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါပြီးသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်ကိုအပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသာလှိုင်**
**အထက်တန်းရှေ့နေ**
**အမှတ် ၃၉၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၄၉၇၆၁၊ ၀၉-၄၄၈၀၀၉၃၃၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုဇုန်(၁)၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်၊ မြေကွက်အမှတ် ၂၂၅၊ ဧရိယာ ၂ ဒသမ ၁၈ ဧက၊ နှစ်၆၀ဂရန်မြေပေါ်ရှိ အမှတ် ၂၂၅၊ ကမ်းနားလမ်း၊ ဒဂုံ(ဆိပ်ကမ်း) စက်မှုဖွံ့ဖြိုးရေးဇုန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြို့မြေစာရင်းတွင် (၁) ဦးရှာရီပါတီ (ခ) ရမ်တပေစာ ၁၂/အစန(နိုင်)၁၆၃၃၆၆၊ (၂) ဦးစီယာရမ်းအာ(ရ်)ယာ ၁၂/အစန(နိုင်)၁၅၇၁၀၈ နှင့် (၃) ဦးဆွန်ဒါးကူးမား ၉/မရမ(နိုင်)၀၃၇၀၂၈တို့အမည်ဖြင့်တည်ရှိပြီး ၎င်းတို့လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းဦး**
**အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅)**

**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁အေ၊ မြေကွက်အမှတ် Southern ½ of III 42၊ ဧရိယာပေ (၂၅×၄၀)၊ အမှတ် (၃)ရပ်ကွက်၊ လမ်း ၂၀ ရှိ အမှတ် ၃၀/၃၂မြေပိုင်မြေကို ဒေါ်ကျင်နှင့် ဒေါ်ကြည်ကြည်တို့၏အဘွား Lee Kim Choa က အရောင်းအဝယ်စာချုပ်အမှတ် ၁၄၆၄၊ (၃၀-၉-၁၉၁၈)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ စာချုပ်စာတမ်းရုံး၏ ၁၄-၂-၂၀၁၁ရက်စွဲပါ GPအမှတ် VI (၂၃၈၄) နှင့် ၃၁-၅-၂၀၁၂ ရက်စွဲပါ GPအမှတ် VI (၁၀၁၀၄)တို့အရ မိခင်ဒေါ်ကျင်နှင့် အဒေါ်ဒေါ်ကြည်ကြည်တို့မှ GP ရထားသူ ဦးခင်မြင့်သည် အမွေဆက်ခံခွင့်ရရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ လျှောက်ထားခဲ့ပါသည်။ ယင်းကိစ္စနှင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မြင့်**
**အမှတ် ၅၈၊ မြဝတီမင်းကြီးလမ်း၊ (၁၀)မိုင် ဇော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၁-၇၀၉၇၀၁**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ည၊ မြေကွက်အမှတ် ၁၁၈၇၊ မြေကွက်တည်နေရာအမှတ် ၁၁၈၇၊ ဧရာ ၂၂လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးညွန့်ရွှေ ၁၂/ဥကမ(နိုင်)၁၄၅၀၈၂အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးညွန့်ရွှေ ကွယ်လွန်သဖြင့် ဒေါ်မြင့်စိန်၁၂/ဥကမ(နိုင်)၀၅၈၇၄၇က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် ခင်ပွန်းဖြစ်သူ၏သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

# ပြည်သူ့လွှတ်တော် အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၀၄)ဦးတို့ တက်ရောက်ကြသည်။

**မေးခွန်းများ မေးမြန်းဖြေကြားခြင်းကဏ္ဍ** ၌ မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ) ဦးဖိုးတုတ်၏ **ဖုန်းလိုင်းများ ပြတ်တောက်မှုမရှိစေရေးအတွက် စက်ပစ္စည်းအသစ်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်း၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၏ **တုံတာ မြို့နယ်ခွဲအတွင်း မိုဘိုင်းဖုန်းများ တပ်ဆင်ပြောဆိုနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ဖြေကြားရာတွင် **ပထမမေးခွန်းနှင့်စပ်လျဉ်း၍** ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့အော်တိုအိတ်ချိန်းနှင့် GSM စခန်းများ၏ အဝေးဆက်သွယ်မှုကို မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကြေးနီတောင်-မိုးမိတ် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းနှင့် ချိတ်ဆက်အသုံးပြုလျက်ရှိပါကြောင်း၊ အဆိုပါ မိုးမိတ်မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းရှိ မိုးမိတ်မိုက္ကရိုဝေ့ဗ်စခန်းတွင် Microwave Transmission Equipment အဖြစ် Stratex 16 E1 စက် တပ်ဆင်ထားပြီး ဆက်သွယ်မှု ရံဖန်ရံခါ ပြတ်တောက်နေခြင်းအပေါ် စစ်ဆေးခဲ့ရာ အဆိုပါစက်၏ Indoor Unit(IDU) ကောင်းမွန်ပြီး Outdoor Unit (ODU)မှာ ***စာမျက်နှာ ၆ ကော်လံ ၁*** ●



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

# ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၀**

ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၄)ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်ရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးသက်နိုင်ဦး မေးမြန်းသည့် "**ကျေးရွာအုပ်စုတိုက်နယ်ဆေးရုံများသို့ ဓာတ်မှန်ရိုက်စက်၊ ဓာတ်မှန်ခန်း၊ မီးစက်တို့အား ကျန်းမာရေးဝန်ကြီးဌာနက ဖြည့်ဆည်းပေးနိုင်ခြင်း ရှိ/မရှိ**" မေးခွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း မေးမြန်းသည့် "**မိုးညှင်းခရိုင် ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးတွင် တိုးချဲ့ဆောင်အသစ် ထပ်မံတိုးချဲ့ပေးရန်နှင့် လစ်လပ်လျက်ရှိသည့် အထူးကုနှင့် ဆေးဝန်ထမ်းများ ထပ်မံဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ**" မေးခွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးငွေမောင် မေးမြန်းသည့် "**သာစည်မြို့နယ်၊ ညောင်ရမ်းတိုက်နယ် (၁၆)ခုတင်ဆံ့ ဆေးရုံကို အဆင့်မီဆေးရုံတစ်ရုံဖြစ်ရေးအတွက် လိုအပ်သော ဥပဓိရုပ်များ ပြုပြင်ပေးနိုင်မှု၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်မှု၊ သောက်သုံးရေအခက်အခဲရှိနေမှု၊ ဓာတ်မှန်ခန်းနှင့် ကိရိယာလိုအပ်နေမှု စသည်များကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ**" မေးခွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအေး မေးမြန်းသည့် ***စာမျက်နှာ ၇ ကော်လံ ၁*** ■

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

## ဆာရာဂျေဗို၏ ဂုဏ်ထူးဆောင်အမျိုးသမီးအဖြစ် အမေရိကန်ရုပ်ရှင်မင်းသမီး အင်ဂျလီနာဂျိုလီချီးမြှင့်ခံရ

**ကိုသစ္စာ - ရေးသားသည်**



**လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၀**

အမေရိကန်ရုပ်ရှင်မင်းသမီး အင်ဂျလီနာဂျိုလီ **(ဝဲပုံ)**ကို ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံ ဆာရာဂျေဗိုမြို့မှာ ဇူလိုင် ၉ ရက်က ကျင်းပတဲ့ (၁၈)ကြိမ်မြောက် ဆာရာဂျေဗို ရုပ်ရှင်ပွဲတော်မှာ ဆာရာဂျေဗိုမြို့ရဲ့ ဂုဏ်ထူးဆောင် အမျိုးသမီးတစ်ဦးအဖြစ် ဂုဏ်ပြုချီးမြှင့် လိုက်ပါတယ်။

အသက် ၃၇ နှစ်အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသမီး အင်ဂျလီနာဂျိုလီဟာ သူမပါဝင်သရုပ်ဆောင်ခဲ့တဲ့ In The Land of Blood and Honey ဇာတ်ကားမှာ နိုင်ငံနဲ့လူမျိုးကိုချစ်တဲ့ ဘော့စနီးယား အမျိုးသမီးတစ်ဦးအဖြစ် ပီပီပြင်ပြင် သရုပ်ဆောင်ခဲ့လို့ ဂုဏ်ထူးဆောင်အမျိုးသမီးဆုကို ချီးမြှင့်ခဲ့ခြင်းပဲဖြစ်ပါတယ်။

အဲဒီဇာတ်ကားဟာ ဘော့စနီးယားမှာ ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့တဲ့ စစ်ပွဲမှာ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံသား ဆာ့ဘ်အမျိုးသားတစ်ဦးကို ချစ်မြတ်နိုးခဲ့တဲ့ ***စာမျက်နှာ ၅ ကော်လံ ၄*** ▲



## ၆ဃ/....အက္ခရာနှင့်နံပါတ်သစ်များ စတင်ထွက်ပေါ်

**ရန်ကုန် ဇူလိုင် ၁၀**

ယာဉ်အို ယာဉ်ဟောင်းများ အပ်နှံမှုအစီအစဉ်အရ ကားသစ်နှင့် အက္ခရာနံပါတ်သစ်များ တစ်စတစ်စ တိုးတက်ထွက်ပေါ်လာလျက်ရှိရာ ၅ဃ/---- အက္ခရာနံပါတ်များကို ဇွန်လလယ်ရက်ပိုင်းမှ စတင်ထုတ်ပေးခဲ့သည်။ ယနေ့ ဇူလိုင် ၁၀ ရက် နံနက်၌ ၅ဃ/---- အက္ခရာနှင့်နံပါတ်များ ထုတ်ပေးမှုမှာ ကုန်ဆုံးသွားပြီဖြစ်သဖြင့် မွန်းလွဲ ၁ နာရီကျော်မှ စတင်ကာ ၆ဃ/----အက္ခရာနံပါတ်များ ထုတ်ပေးနေသည်ကို တောင်ဥက္ကလာပမြို့နယ် ကညနရုံးဝင်းအတွင်း၌ ဤသို့တွေ့မြင်ခဲ့ရသည်။ **(အပေါ်ပုံ)**

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## မိတ္ထီလာမြို့လယ်က အာဇာနည်ကျောက်တိုင် နှစ် ၅၀ ကြာ ပိတ်ထားခဲ့ပြီးနောက် ပြန်ဖွင့်ပြီ

***မိတ္ထီလာ ဇူလိုင် ၁၀***

*မိတ္ထီလာမြို့ မြို့မလေးရပ်ကွက် ပန်းတိမ်တန်းရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးတွင် အာဇာနည်ကျောက်တိုင်ရှိသည်။ အာဇာနည် ကျောက်တိုင်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်များကျဆုံးခဲ့ပြီးနောက် ၁၉၄၈ ခုနှစ်က ဖဆပလအစိုးရက မိတ္ထီလာမြို့၏ မြို့လယ်ကောင် ပန်းတိမ်တန်းရပ်ကွက်တွင် ဂုဏ်ပြုတည်ဆောက်ထားခဲ့သည်။ အာဇာနည်ကျောက်တိုင် ဆောက်လုပ်ပြီးနှစ်စဉ် ဇူလိုင် ၁၉ ရက်တွင် အာဇာနည်ကျောက်တိုင်သို့ အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ပြည်သူများက လွမ်းသူ့ပန်းခွေချ အလေးပြုခဲ့ကြသည်။*

*ဤကဲ့သို့ နှစ်စဉ်ကျင်းပခဲ့သော အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည်နေ့ အခမ်းအနားသည် မိတ္ထီလာမြို့တွင် ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရ* ***စာမျက်နှာ ၈ ကော်လံ ၁*** ❖

## ထစ်ချုန်းမိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။